မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇွန် ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၁)၊ အမှတ် (၅၂)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

မြန်မာနိုင်ငံငြိမ်းချမ်းရေးဗဟိုဌာန ဖွဲ့စည်းထူထောင်ပြီးဖြစ်၍ PDSG အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်

မိမိတို့၏ရည်မှန်းချက်သည် ထာဝရငြိမ်းချမ်းရေးရရှိရေးနှင့် ဥပဒေတစ်ခုတည်းအောက်တွင် တန်းတူညီမျှနေထိုင်ရေးဖြစ်

ပြုပြင်ပြောင်းလဲရေးဆောင်ရွက်မှုများ အပြည့်အဝအောင်မြင်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းကူညီပေးသွားမည်

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် Peace Donor Support Group မှ ဦးဆောင်ဆက်သွယ်နိုင်ငံဖြစ်သည့် နော်ဝေနိုင်ငံနှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၊ ဩစတြေးလျနိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ ကမ္ဘာ့ဘဏ်နှင့် ဥရောပသမဂ္ဂတို့မှ ကိုယ်စားလှယ်အဖွဲ့များအား နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC) ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။(သတင်းစဉ်)

နေပြည်တော် ဇွန် ၁၂

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် Peace Donor Support Group မှ ဦးဆောင်ဆက်သွယ်နိုင်ငံဖြစ်သည့် နော်ဝေနိုင်ငံနှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၊ ဩစတြေးလျနိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ ကမ္ဘာ့ဘဏ်နှင့် ဥရောပသမဂ္ဂတို့မှ ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC) ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးစိုးသိန်း၊ ဦးသိန်းညွန့်၊ ဦးအုန်းမြင့်၊ ဦးဇော်မင်း၊ ဦးသန်းငွေ၊ ဦးခင်ရီ၊ ဦးဝင်းထွန်း၊ ဦးခင်မောင်စိုးနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က Peace Donor Support Group (PDSG) မှ ပုဂ္ဂိုလ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတကြီးက ဦးစွာဆွေးနွေးပြောကြားရာတွင် ဒီမိုကရေစီ အတွေ့အကြုံ အလေ့အကျင့်နှင့် ဒီမိုကရေစီသက်တမ်းနုနယ်သေးသည့် မိမိတို့နိုင်ငံတွင် ဒီမိုကရေစီ ဆက်လက်ရှင်သန်ရေးအတွက် အဓိကလိုအပ်ချက်(၂)ရပ်ဖြစ်သော တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်ကို ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် ပထမလိုအပ်ချက်ဖြစ်သည့် နိုင်ငံရေးလုပ်ငန်းစဉ်များ၌ အားလုံးပူးပေါင်းပါဝင်နိုင်စေရေးအတွက် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

စာမျက်နှာ ၂ ကော်လံ ၁ ◆

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း

စင်ကာပူနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး မစ္စတာဂိုချောက်တောင်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး မစ္စတာဂိုချောက်တောင်အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိအစည်းအဝေးခန်းမဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇွန် ၁၂

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်တောင် ဦးဆောင်သော အဖွဲ့အား ယနေ့ညနေ ၆ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိအစည်းအဝေးခန်းမဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများဖြစ်ကြသည့် ဦးစိုးသာ၊ ဦးသိန်းဆွေ၊ ဦးလှမြင့်ဦး၊ ဦးသူရိန်ဇော်၊ ဦးငွေမြင့်၊ ကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီးနှင့်အတူ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး H.E. Mr. Robert Chua တို့ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံစဉ် မြန်မာ-စင်ကာပူ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲရေး၊ နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် Peace Donor Support Group (PDSG) မှ ပုဂ္ဂိုလ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

◆ ရှေ့ဖုံးမှ

ထို့အတူ ဒုတိယလိုအပ်ချက်ဖြစ်သော ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးစုလက်နက်ကိုင်အဖွဲ့များသည် လွန်ခဲ့သော နှစ်ပေါင်း (၆၀)ကျော်ကပင် ယုံမှားသံသယဖြစ်မှုများအပေါ် အခြေခံ၍ တိုက်ခိုက်နေခဲ့ခြင်းဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးတည်ဆောက်ရေးလုပ်ငန်းများအား ယခင်အစိုးရ အဆက်ဆက်ကပင် ဆောင်ရွက်ခဲ့သော်လည်း အောင်မြင်မှုရရှိသည်များရှိသကဲ့သို့ မအောင်မြင်မှုများလည်းရှိခဲ့ကြောင်း။

အေးချမ်းတည်ငြိမ်

မိမိတို့အစိုးရလက်ထက်တွင် နိုင်ငံတစ်ဝန်းလုံး ထာဝရငြိမ်းချမ်းရေးရရှိစေရန် အစိုးရအဖွဲ့စတင်တာဝန်ယူချိန်မှစ၍ အဆိုပါ လက်နက်ကိုင်အဖွဲ့များအား တစ်ဖွဲ့ချင်း ထိတွေ့ဆက်သွယ်ဆောင်ရွက်ခဲ့ရာ ယခုအခါ လက်နက်ကိုင်အဖွဲ့အစည်း (၁၁)ဖွဲ့အနက် (၁၀)ဖွဲ့နှင့် ထိတွေ့ဆက်ဆံနားလည်မှုများ ရရှိနေပြီဖြစ်ကြောင်း၊ ထိုဒေသများရှိ ပြည်သူများအနေဖြင့်လည်း အေးချမ်းတည်ငြိမ်မှုအသီးအပွင့်များ စတင်ခံစားနေရပြီဖြစ်ကြောင်း။

ကချင်ပြည်နယ်အတွင်းရှိ ကေအိုင်အေလက်နက်ကိုင်အဖွဲ့အစည်းနှင့်လည်း ထိတွေ့ဆက်သွယ်မှုများ ဆောင်ရွက်နေပြီဖြစ်ရာ မကြာမီ အခြေအနေကောင်းများ မြင်တွေ့ရမည်ဟုယုံကြည်ပါကြောင်း၊ ငြိမ်းချမ်းရေးရရှိပြီးဒေသများရှိ ပြည်သူများ၏ စားဝတ်နေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ ပြန်လည်ထူထောင်ရေး စသည့်ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများစွာရှိသေးကြောင်း၊ ထိုလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတကာ အသိုင်းအဝိုင်း၏ အကူအညီများ အမှန်တကယ်လိုအပ်ပါကြောင်း၊ ဤသို့ ဆောင်ရွက်နိုင်ရန် အဓိကလိုအပ်ချက် ဖြစ်လာမည့် ငွေကြေး၊ နည်းပညာနှင့် အတွေ့အကြုံကောင်းများကို မျှဝေပေးစေလိုပါကြောင်း။

ယခုလို Peace Donor Support Group (PDSG) မှ မိမိတို့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် ပါဝင်ပူးပေါင်းဆောင်ရွက်ရန် လာရောက်ခြင်းအတွက် များစွာကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ နိုင်ငံအနေဖြင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးဗဟိုဌာန (Myanmar Peace Center) ဖွဲ့စည်းထူထောင်ပြီးဖြစ်၍ PDSG အဖွဲ့နှင့် ပူးပေါင်း၍ မဟာဗျူဟာလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ မိမိတို့၏ ရည်မှန်းချက်သည် ထာဝရငြိမ်းချမ်းရေးရရှိရေးနှင့် ဥပဒေတစ်ခုတည်းအောက်တွင် တန်းတူညီမျှ နေထိုင်ကြရေးပင်ဖြစ်ကြောင်း။

ဥရောပသမဂ္ဂအနေဖြင့် စီးပွားရေးပိတ်ဆို့မှုများအား နော်ဝေနိုင်ငံ၊ သြစတြေးလျနိုင်ငံတို့ကဲ့သို့ အပြည့်အဝဖြေလျှော့ပေးစေလိုပါကြောင်း၊ မကြာမီ အပြီးတိုင် ရုပ်သိမ်းနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

မိမိတို့နိုင်ငံ၌ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရချိန်တွင် သြစတြေးလျနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့သည် စိတ်ရောကိုယ်ပါ ကူညီခဲ့သည့်နိုင်ငံများဖြစ်၍ များစွာကျေးဇူးတင်ကြောင်း၊ ယခုလတ်တလောဖြစ်ပွားနေသည့် ရခိုင်ပြည်နယ်အတွင်း ဖြစ်စဉ်များသည် ရှုပ်ထွေးနက်နဲသော နောက်ခံအကြောင်းအရာများကိုအခြေခံပြီး ဖြစ်ပွားနေခြင်းဖြစ်ကြောင်း၊ အစိုးရအနေဖြင့် အတတ်နိုင်ဆုံး ပျက်စီးဆုံးရှုံးမှုနည်းပါးအောင် စနစ်တကျ ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အိုးအိမ်ပစ္စည်းဆုံးရှုံးခဲ့ရသည့် ပြည်သူများအတွက် အစိုးရအနေဖြင့် လောလောဆယ် ထောက်ပံ့ပေးနိုင်သည့်အနေအထားတွင် ရှိနေပါကြောင်း၊ သံအမတ်ကြီးများ၏ စိုးရိမ်မှုများကိုလည်း နားလည်ပါကြောင်း ပြောကြားသည်။

အပြည့်အဝထောက်ခံ

ထို့နောက် နော်ဝေနိုင်ငံ သံအမတ်ကြီးက PDSG အဖွဲ့၌ နော်ဝေနိုင်ငံသည် မြန်မာနိုင်ငံအတွက် အလှူရှင်နိုင်ငံများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းများအကြား ညှိနှိုင်းဆောင်ရွက်ပေးရန် တာဝန်ယူထားပါကြောင်း၊ သမ္မတကြီး၏ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်မှုများအပေါ် အပြည့်အဝထောက်ခံပါကြောင်းနှင့် လုပ်ငန်းစဉ်များ အပြည့်အဝအောင်မြင်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကူညီပေးသွားမည် ဖြစ်ပါကြောင်း၊ သမ္မတကြီး အထူးအလေးထားဆောင်ရွက်လိုသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ကနဦးစီမံချက်များရေးဆွဲ၍ ဦးစွာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြသည်။

ယင်းနောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာဗီဂျေနမ်ဘီးယားက သမ္မတကြီးအား လာမည့်ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ပါရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က မျှော်လင့်နေပါကြောင်း၊ ကုလသမဂ္ဂအနေဖြင့် ငြိမ်းချမ်းရေးရန်ပုံငွေမှ ကနဦး အမေရိကန်ဒေါ်လာ(၅)သန်း ထည့်ဝင်သွားမည်ဖြစ်ပြီး လုပ်ငန်းများလက်တွေ့စတင်အကောင်အထည်ဖော်ချိန်တွင် ထပ်မံထည့်ဝင်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ သြစတြေးလျနိုင်ငံ သံအမတ်ကြီးက မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများအပေါ် ခိုင်မာစွာထောက်ခံသွားမည်ဖြစ်ကြောင်း၊ သြစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး လာရောက်၍ ကျန်းမာရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် အမေရိကန်ဒေါ်လာ (၅)သန်းထည့်ဝင်ပြီးဖြစ်ကြောင်း၊ မြေမြှုပ်မိုင်းရှင်းလင်းရေးအတွက် ကျွမ်းကျင်သူပညာရှင်များကိုလည်း စေလွှတ်ကူညီသွားမည်ဖြစ်ကြောင်း၊ သြစတြေးလျနိုင်ငံအနေဖြင့် PDSG နှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဗဟိုဌာန (MPC)တို့နှင့် ပူးပေါင်း၍ လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြသည်။

၎င်းနောက် ဗြိတိန်နိုင်ငံသံအမတ်ကြီးက ဗြိတိန်နိုင်ငံဝန်ကြီးချုပ်မှ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအပေါ် အသိအမှတ်ပြုပါကြောင်းနှင့် အဆိုပါလုပ်ငန်းစဉ်များကို မိတ်ဖက်ဆောင်ရွက်မှုများအပေါ် အခြေခံ၍ ဆောင်ရွက်နေခြင်းအတွက် အပြည့်အဝထောက်ခံသွားမည်ဖြစ်ကြောင်း၊ ယခုနှစ် နှစ်ကုန်ပိုင်းတွင် သမ္မတကြီးအား ဗြိတိန်နိုင်ငံသို့ လာရောက်လည်ပတ်ပါရန် ဖိတ်ကြားပါကြောင်းကို အမှာပါးလိုက်ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယခုကဲ့သို့ အလေးထားဆောင်ရွက်နေခြင်းကြောင့် အမေရိကန်ဒေါ်လာ (၅)သန်းကို လတ်တလောလိုအပ်သည့်နေရာများတွင် အသုံးပြုနိုင်ရေးနှင့် လာမည့် (၃)နှစ်အတွင်း အမေရိကန်ဒေါ်လာ သန်း ၃၀၀ ပေးအပ်ကူညီသွားမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဥရောပသမဂ္ဂအဖွဲ့ ဌာနေကိုယ်စားလှယ်မှ ၂၀၁၂-၂၀၁၃ ခုနှစ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် ယူရိုငွေသန်း ၁၅၀ ထောက်ပံ့ပေးမည်ဖြစ်သည်ကို ကြေညာခဲ့ပြီး ဖြစ်ပါကြောင်း၊ မြေမြှုပ်မိုင်းရှင်းလင်းရေးလုပ်ငန်းစဉ်များအတွက် နည်းပညာများနှင့် ကနဦး အကူအညီ ယူရိုငွေ (၃)သန်း၊ (၄)သန်း သုံးစွဲရန် လျာထားပါကြောင်း၊ ကဏ္ဍစုံဘက်စုံအကူအညီပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ ကမ္ဘာ့ဘဏ်ဌာနေကိုယ်စားလှယ်က မြန်မာနိုင်ငံနှင့် ပြန်လည်ထိတွေ့ဆက်ဆံရာတွင် အကူအညီများပေးအပ်နိုင်ရေးအတွက် မဟာဗျူဟာချမှတ်ရေးဆွဲလျက်ရှိပါကြောင်း၊ ကြွေးမြီပေးဆပ်ရေးအပါအဝင် အခြေခံအဆောက်အအုံများတည်ဆောက်ရေး၊ လူမှုဘဝမြှင့်တင်ရေးလုပ်ငန်းများတွင်အသုံးပြုနိုင်ရန် ငွေကြေးအကူအညီနှင့်နည်းပညာပိုင်းဆိုင်ရာအကူအညီများပေးအပ်နိုင်ရန် မြန်မာနိုင်ငံမှ တာဝန်ရှိသူများနှင့်ဆွေးနွေးညှိနှိုင်းလျက်ရှိပါကြောင်း၊ ကြွေးမြီပေးဆပ်ရေး ဆွေးနွေးညှိနှိုင်းပြီးပါက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတိုးနှုန်းသက်သာသည့် ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ကို နှစ်စဉ်ချေးယူနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြသည်။

Peace Donor Support Group (PDSG)တွင် ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂနှင့် ကမ္ဘာ့ဘဏ်တို့ကဲ့သို့ အဖွဲ့အစည်းများပါဝင်ပြီး မြန်မာနိုင်ငံ၏ လက်ရှိငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းစဉ်များအတွက် အကူအညီများပေးအပ်ရန် ဖွဲ့စည်းမှုတစ်ခုဖြစ်သည်။ ဤကဲ့သို့ အဖွဲ့အစည်းမျိုးစုံပါဝင်သော ငြိမ်းချမ်းရေးတည်ဆောက်မှု အကူအညီပေးရေးအစီအစဉ်များကို ယခင်က ဖွဲ့စည်းခြင်းမရှိခဲ့ဖူးသော်လည်း လက်ရှိ မြန်မာနိုင်ငံတွင်ဖြစ်ထွန်းနေသော နိုင်ငံရေးတိုးတက်မှုများနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု ဖော်ဆောင်ရေးလုပ်ငန်းစဉ်များကိုအခြေခံ၍ ထိရောက်သောနိုင်ငံတကာအကူအညီပေးရေး စီမံချက်တစ်ရပ်အနေဖြင့် စုစည်းအကောင်အထည်ဖော်ခြင်းဖြစ်သည်။ အဆိုပါ စုစည်းမှုမှတစ်ဆင့် မြန်မာနိုင်ငံအစိုးရအနေဖြင့်လည်း နိုင်ငံတကာမှ ပေးအပ်လာသည့် အကူအညီများကို စနစ်တကျအသုံးပြု၍ အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်း သိရသည်။

ထို့အပြင် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် နိုင်ငံတကာစံချိန် စံညွှန်းများနှင့်အညီဖြစ်စေရန်နှင့် လေလွင့်ပြုန်းတီးမှုမရှိရန် ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ထို PDSG အဖွဲ့အနေဖြင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များ ဖော်ဆောင်နိုင်ရန် နော်ဝေနိုင်ငံအနေဖြင့် ကနဦးစတင်သူအဖြစ် ဦးဆောင်ကြိုးပမ်းနေကြောင်းလည်း သိရှိရသည်။

ယနေ့တွေ့ဆုံပွဲတွင် PDSG တွင်ပါဝင်သော ကမ္ဘာ့နိုင်ငံအသီးသီးနှင့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ဦးဆောင်သော ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများကို အပြည့်အဝထောက်ခံကြောင်း ထုတ်ဖော်ပြဆိုသည့် အစီအစဉ်တစ်ခုဖြစ်ကြောင်း၊ ဤ PDSG အဖွဲ့ကို အခြေခံ၍ အနာဂတ်ကာလတွင်လည်း မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းများတွင် ပါဝင်ကူညီထောက်ပံ့လိုသော နိုင်ငံများကိုလည်း တိုးချဲ့လက်ခံပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆက်လက်၍ PDSG အဖွဲ့အနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကူညီပေးနိုင်မည့်အစီအစဉ်များတွင် နည်းပညာဆိုင်ရာ အကူအညီများ၊ အကြံဉာဏ်ပေးခြင်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အပြန်အလှန် ဆွေးနွေးခြင်းများကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယနေ့ရရှိသော သဘောတူညီချက်များ၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးဗဟိုဌာနကိုလည်း ဖွဲ့စည်းထူထောင်ပြီး ငြိမ်းချမ်းရေးတည်ဆောက်ခြင်းလုပ်ငန်းများကို မဟာဗျူဟာမြောက် အထောက်အကူပြုနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကာ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်လုပ်ဆောင်ရန် စီမံထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ်တွင် လတ်တလော ဖြစ်ပေါ်နေသောအခြေအနေကြောင့် နေအိမ်များ၊ ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ရသည့် ဒေသခံပြည်သူများအတွက် အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်၊ အဲပုဂံ လေကြောင်းလိုင်း၊ Elite Tech Co., Ltd. နှင့် Htoo Group of Companies တို့မှ ဇွန် ၁၁ ရက်တွင် အလှူငွေများ လှူဒါန်းရာ ထူးဖောင်ဒေးရှင်းမှ ငွေကျပ် သိန်း ၅၀၀ လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇွန် ၁၃ ရက်)

ဒီရေတောများ ထိန်းသိမ်းကာကွယ်

ဒီရေတောများသည် သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းမှ ကာကွယ်ပေးနိုင်ခြင်း၊ ငါး၊ ပုစွန် စသော ရေနေသတ္တဝါတို့၏ပေါက်ပွားရှင်သန်မှုကို ဖြစ်ထွန်းစေခြင်း၊ ရာသီဥတုဖောက်ပြန်မှုကို ထိန်းညှိပေးနိုင်ခြင်း စသောအကျိုးကျေးဇူးများကို ဖြစ်ထွန်းစေလျက်ရှိပေသည်။ ဒီရေတောများသည် ဆူနာမီကဲ့သို့ ဒီရေလှိုင်းများ ကျရောက်မှုဖြစ်စဉ်တွင် ထိရောက်စွာကာကွယ်ပေးနိုင်စွမ်းရှိသော သဘာဝအတားအဆီးကောင်းတစ်ခုဖြစ်၏။

ငါး၊ ပုစွန်စသောရေနေသတ္တဝါအများစုသည် ဒီရေတောများရှိပါမှ ပေါက်ပွားရှင်သန်မှုအားကောင်းနိုင်သည်။ ဒီရေတောများမရှိလျှင် ပေါက်ပွားရှင်သန်မှုအားနည်း၍ ဂေဟစနစ်ကိုထိခိုက်ပျက်စီးစေနိုင်သည်။ ယင်းကဲ့သို့ ဒီရေတောများ၏ အကျိုးကျေးဇူးကိုသိရှိလာသည်နှင့်အမျှ ဒီရေတောများကိုထိန်းသိမ်းခြင်းနှင့် စိုက်ပျိုးခြင်းတို့ကို တစ်ပြိုင်တည်း ဆောင်ရွက်လာကြ၏။ အထူးသဖြင့် အာဆီယံနိုင်ငံအများစုသည် ဒီရေတောများ၏အကျိုးကျေးဇူးကိုသိရှိလာပြီး ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း ကြားသိရသည်။

အလားတူ မြန်မာနိုင်ငံတွင်လည်း ဒီရေတောများထိန်းသိမ်းခြင်းနှင့် စိုက်ခင်းတည်ထောင်ခြင်းကို ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့၌ စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။ သစ်တောဦးစီးဌာနအနေဖြင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)နှင့်ပူးပေါင်း၍ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ဒီရေတောများ ဘက်စုံပြန်လည်ထူထောင်ခြင်းနှင့် စီမံအုပ်ချုပ်လုပ်ကိုင်ခြင်းစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် (JICA) ၏အကူအညီဖြင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်း စွမ်းအင်မြှင့်တင်နိုင်ရန်အတွက် ဒီရေတောများပြန်လည်စိုက်ပျိုးခြင်းစီမံကိန်းကို ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ကဒုံကနီကြိုးဝိုင်းအတွင်း ဒီရေတောစိုက်ခင်းဧက ၃၀၀၀ ခန့်စိုက်ပျိုးခြင်းနှင့် ဆိုင်ကလုန်းဒဏ်ခံ အဆောက်အအုံတစ်လုံး ဆောက်လုပ်ရန် ပြင်ဆင်ခြင်းလုပ်ငန်းများ စတင်နေပြီဖြစ်သည်။

သို့ပါ၍ ဒေသခံပြည်သူများအနေဖြင့် ဒီရေတောများထိန်းသိမ်းရေးကို ပူးပေါင်းဆောင်ရွက်ကြရပေမည်။ အထူးသဖြင့် ဒီရေတောများကို ခုတ်ထွင်ရှင်းလင်းပြီး လယ်ယာမြေနှင့် ပုစွန်ကန်များပြုလုပ်ခြင်း၊ ထင်းမီးသွေးဖုတ်ခြင်းတို့မှ လုံးဝရှောင်ကြဉ်သင့်ပေသည်။ ဒီရေတောများအား နိုင်ငံတကာက ထိန်းသိမ်းကာကွယ်လျက်ရှိနေချိန်တွင် ဒေသခံများအနေဖြင့်လည်း ဒီရေတောများ အစဉ်ရှင်သန်ပေါက်ပွားနိုင်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းသင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်ထောင်စုဝန်ကြီး ဒုတိယပိုလ်ချုပ်ကြီးသိန်းဌေးအား ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ဌာနေကိုယ်စားလှယ်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၂

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ဌာနေကိုယ်စားလှယ် Mr. Ashok Nigam နှင့်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး **(ယာပုံ)** ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ ငြိမ်းချမ်းရေးရယူခဲ့သည့် လက်နက်ကိုင် အဖွဲ့အစည်းများနှင့် မိသားစုများ အခြေကျနေထိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ကချင်ပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခကြောင့် ရွှေ့ပြောင်းနေထိုင်ကြသည့် ဒုက္ခသည်များ မူလနေရပ်တွင် အခြေကျနေထိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ရခိုင်ပြည်နယ်မောင်တောဒေသ၌နေထိုင်သောပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ် (မြောက်ပိုင်း)၊ ပလောင်၊ ပအိုဝ်း၊ ဓနု၊ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတို့တွင် နေထိုင်ကြသည့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအစီအစဉ်များနှင့်ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့်လေ့ကျင့်မှုဆိုင်ရာ ကိစ္စရပ်များအပေါ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းနှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား ဂျပန်နိုင်ငံမှဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၂

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား ဂျပန်နိုင်ငံ Japan Science and Technology Agency (JST) President Dr. Michiharu Nakamura ဦးဆောင်သောအဖွဲ့သည် ဇွန် ၁၁ ရက် နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး **(ဝဲပုံ)** သိပ္ပံနှင့်နည်းပညာဆိုင်ရာ အခန်းကဏ္ဍများနှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ အခန်းကဏ္ဍတို့တွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦး၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မင်းအောင်နှင့် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကျော်မြတ်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား ဂျပန်နိုင်ငံမှ ဒုတိယဝန်ကြီးတွေ့ဆုံ

နေပြည်တော် ဇွန် ၁၂

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား ဂျပန်နိုင်ငံ Ministry of Economy, Trade and Industry (METI) မှ Deputy Minister (International Affairs),H.E.Mr. Hideichi Okada ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၈နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌လာရောက်တွေ့ဆုံပြီး **(ယာပုံ)** မြန်မာနိုင်ငံတွင် လက်ရှိကြုံတွေ့နေရသော နွေရာသီ၌ ဓာတ်အားမလုံလောက်မှုအတွက် ဂျပန်နိုင်ငံမှကူညီထောက်ပံ့မည့် Mitsubishi Heavy Industries ကုမ္ပဏီမှထုတ်လုပ်သော(၁)မဂ္ဂါဝပ်စီထွက်ရှိသည့်မီးစက် ၂၈ လုံးအား ရန်ကုန်မြို့၌ အသုံးပြုရန်၊ Mitsubishi ကုမ္ပဏီထုတ် ၁၂၀မဂ္ဂါဝပ် Gas Turbineကို မြန်မာနိုင်ငံတွင် ခေတ္တငှားရမ်းအသုံးပြုရေး ဂျပန်၊ ထိုင်းနှင့် မြန်မာအစိုးရတို့အကြား ညှိနှိုင်းဆွေးနွေးသွားရန်ကိစ္စ၊ မြန်မာနိုင်ငံရှိသဘာဝဓာတ်ငွေ့သုံးတာဘိုင်စက်များနှင့် ရေနွေးငွေ့သုံးတာဘိုင်စက်များကို ဂျပန်နိုင်ငံအစိုးရ၏ ODA ချေးငွေဖြင့်ပြင်ဆင်ဆောင်ရွက်ရေးနှင့် ဂျပန်နိုင်ငံလုပ် Hitachi အမျိုးအစား ဓာတ်ငွေ့တာဘိုင်နှင့် Kawasaki အမျိုးအစား ရေနွေးငွေ့တာဘိုင်များ ဦးစားပေးပြင်ဆင်ရန်ကိစ္စ၊ မြန်မာနိုင်ငံ၌ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစက်ရုံအသစ်များ တည်ဆောက်ရန်နှင့် ရန်ကုန်မြို့၏ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုစနစ် ကောင်းမွန်စေရေးအတွက် ဂျပန်နိုင်ငံကုမ္ပဏီများမှ ရင်းနှီးမြှုပ်နှံ ဆောင်ရွက်လိုမှုများကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ်(၃၀/၂၀၁၂)

၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်
(၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၂ ရက်)

ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ (၉)မိုင်၊ ပြည်လမ်း၊ အမှတ် (၂၆)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်အား ၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၏ မှတ်ပုံတင်အမှတ်မှာ (၅၆) ဖြစ်ပါသည်။

အမိန့်အရ

(ဝင်းကို)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

e-Pension စနစ် ဆောင်ရွက်မည်

ရန်ကုန် ဇွန် ၁၂

နိုင်ငံတော်အစိုးရသစ်လက်ထက် အငြိမ်းစားဝန်ထမ်းများအတွက် တိုးမြှင့်ပင်စင်လစာထုတ်ပေးခဲ့သည်မှာ တစ်နှစ်ပြည့်ပြီဖြစ်သည်။ ပင်စင်လစာငွေကို ယခင်က ၄၊ ၅၊ ၆လမှ တစ်ကြိမ်သာထုတ်ယူကြသည့် ပင်စင်စားများသည်ပင်လျှင် ယခုအခါ လစဉ်ထုတ်ယူရလောက်အောင် ပင်စင်လစာငွေတိုးမြှင့်ရရှိခဲ့သည်။ ယင်းကြောင့် ဘဏ်များ၊ သက်ဆိုင်ရာရုံးများ၌ လစဉ်ပင်စင်ငွေထုတ်ယူသူဦးရေ ယခင်ကထက် ပိုမိုများပြားလာသည်။

များပြားလာသော အငြိမ်းစားဝန်ထမ်းများ ပင်စင်လစာထုတ်ယူရာတွင် လုံခြုံသက်သာ လျင်မြန်လွယ်ကူစေရေးအတွက် ပင်စင်လစာထုတ်ပေးခြင်းလုပ်ငန်းကို e-Pension စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့စီးပွားရေးဘဏ်-ဘဏ်ခွဲ(၁)က ယင်းဘဏ်၌ ပင်စင်လစာထုတ်ယူနေသည့် ပင်စင်စားများသိရှိလိုက်နာရန်ထုတ်ပြန်ချက်အရ သိရှိရသည်။

အဆိုပါအသိပေးထုတ်ပြန်ချက်တွင် ပင်စင်လစာထုတ်ပေးခြင်းလုပ်ငန်းကို e-Pensionစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပင်စင်စားများ ကိုယ်တိုင် လွန်ခဲ့သော ၆လအတွင်း ရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံတစ်ပုံ၊ မှတ်ပုံတင်မူရင်းနှင့် ပင်စင်စာအုပ်တို့နှင့်အတူ မြန်မာ့စီးပွားရေးဘဏ်-ဘဏ်ခွဲ(၁)ရှိ ပင်စင်ဌာနစိတ်သို့ အမြန်ဆုံးဆက်သွယ်ကြပါရန် အကြောင်းကြားအပ်ပါကြောင်း ဖြင့် ဖော်ပြထားပါသည်။

သို့ဖြစ်ရာ e-Pensionစနစ် သွက်လက်မြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာ့စီးပွားရေးဘဏ်-ဘဏ်ခွဲ(၁)၌ အငြိမ်းစားပင်စင်လစာထုတ်ယူနေသည့် မိမိတို့ဘဝတူအငြိမ်းစားများ သိရှိလိုက်နာဆောင်ရွက်နိုင်ကြစေရန် စေတနာကောင်းဖြင့် ထပ်လောင်းအသိပေးလိုက်ပါသည်။ **(ဘကြီးအောင်)**

သန်လျင်မြို့ မြို့မတောင်ရပ်ကွက် ရွှေရည်လမ်း ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဇွန် ၁၀ ရက်က ကျင်းပရာ မြန်မာနိုင်ငံဆန်စပါးအသင်း ဒုတိယဥက္ကဋ္ဌဦးအောင်သန်းဦး၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးကျော်လင်းသန်း၊ လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သိန်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၀၄၉)

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာခေါ်ယူ

နေပြည်တော် ဇွန် ၁၂

ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် နိုင်ငံတော်က ထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများမှ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာ ခေါ်ယူထားကြောင်း၊ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပြီး လျှောက်လွှာများကို ၂၀၁၂ ခုနှစ် ဇူလိုင် ၂၇ ရက် နောက်ဆုံးထား၍ ဆေးသိပ္ပံပညာဦးစီးဌာနသို့ တိုက်ရိုက်ပေးပို့ လျှောက်ထားရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ဆေးသိပ္ပံပညာဦးစီးဌာနတွင် မေးမြန်းစုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သဘာဝဘေးအန္တရာယ်များကြိုတင်သတင်းထုတ်ပြန်မည့်သုတေသနဌာန တရုတ်၌ဖွင့်လှစ်

ပေကျင်း ဇွန် ၁၂

ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရမှုကို ကြိုတင် သိရှိ သတင်းထုတ်ပြန်နိုင်ရန်အတွက် တရုတ်နိုင်ငံက အမျိုးသားသုတေသနဌာန **(ယာပုံ)** ကို တည်ဆောက်ဖွင့်လှစ်လိုက်ကြောင်း ဇွန် ၁၂ ရက်က သတင်းထုတ်ပြန်သည်။

အဆိုပါသုတေသနတွင် ခေတ်မီနည်းပညာနှင့် နည်းစနစ်များ ထည့်သွင်းတပ်ဆင်ထားပြီး တရုတ်နိုင်ငံ၏ သဘာဝဘေးဆိုင်ရာ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ရန်လည်း စီစဉ်ထားသည်။

မိုးလေဝသဆိုင်ရာ ဂြိုဟ်တုဓာတ်ပုံများ၊ မုန်တိုင်းများဖြစ်ပေါ်မှု၊ မိုးသည်းထန်မှု၊ နှင်းမုန်တိုင်းများတိုက်ခတ်မှု စသည့်သဘာဝဘေးဒုက္ခဆိုင်ရာသတင်းအချက်များကို သုတေသနပြုကာ နေ့စဉ် ၂၄ နာရီပတ်လုံး အများပြည်သူများသိရှိနိုင်ရန် သတင်းထုတ်ပြန်သွားမည်ဖြစ်သည်။

ထို့အပြင် နိုင်ငံတကာမှ သုတေသနဌာနများနှင့်လည်းပူးပေါင်းကာ သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်သွားမည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သည့် ကြိုတင်ကာကွယ်မှုများကို နိုင်ငံတကာသုတေသနဌာနများနှင့် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ **(အင်တာနက်)**

ရေအောက်လေ့လာသုတေသနလုပ်ငန်းများပြုလုပ်ရန် မြောက်အိုင်ယာလန်၌ စက်ရုပ်ရေငုပ်သင်္ဘောရေချ

ဂလီနမ် ဇွန် ၁၂

မြောက်အိုင်ယာလန်နိုင်ငံက ရေအောက်သုတေသနလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် စက်ရုပ်ရေငုပ်သင်္ဘောတစ်စင်း **(အပေါ်ပုံ)**ကို ထုတ်လုပ်လိုက်ပြီဖြစ်ရာ စတင်လေ့လာမှုများပြုလုပ်ရန် ဇွန် ၁၂ ရက်က ရေချခဲ့ပြီးဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

အဆိုပါစက်ရုပ်ရေငုပ်သင်္ဘောသည် အဝါရောင်ခြယ်သထားပြီး အရှည်ပေ ၃၀ ရှိသည်။ ရေအောက်၌ လေ့လာအသုံးပြုနိုင်သည့် ရောင်ခြည်သုံးကိရိယာများ တပ်ဆင်ထားပြီး ရေပေါ်ရေအောက်သတင်းဆက်သွယ်မှုနှင့် သတင်းထုတ်ပြန်မှုများကို အလိုအလျောက်ပြုလုပ်နိုင်သည်။

ယင်းစက်ရုပ်ရေငုပ်သင်္ဘောကို ဗြိတိန်နိုင်ငံ ဆောက်သမ်ပ်တန် တက္ကသိုလ်ရှိ မြောက်အိုင်ယာလန်နိုင်ငံသား လီရိုစတီဆင်အမည်ရှိ သိပ္ပံပညာရှင်တစ်ဦးက တီထွင်ထုတ်လုပ်ထားခြင်းဖြစ်သည်။ အဆိုပါစက်ရုပ်သင်္ဘောကို မြောက်အိုင်ယာလန်နိုင်ငံ ဖာမင်နက်မြို့၌ မီဒီယာတွေ့ဆုံပွဲပြုလုပ်ကာ ရေချခဲ့ခြင်းဖြစ်သည်။

ယခုအခါ မြောက်အိုင်ယာလန်နိုင်ငံ လော့အန်းရေအိုင်ကြီးအတွင်း သုတေသနလုပ်ငန်းများဆောင်ရွက်ရန် စတင်နေပြီဖြစ်သည်။ ၎င်းစက်ရုပ်ရေငုပ်သင်္ဘောသည် ရေအောက်သတ္တဝါနှင့် အပင်များ၊ ရေအောက်ကြမ်းပြင်၏ ပြောင်းလဲမှု ဖြစ်စဉ်များ အပြင် ရေပြင်ပိုင်နက်အတွင်း ကျူးကျော်ဝင်ရောက်လာသည့် ရေယာဉ်များနှင့် ရေငုပ်သင်္ဘောများကို လေ့လာစောင့်ကြည့်နိုင်မည်ဖြစ်သည်။ **(အင်တာနက်)**

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ်၌ တောမီးလောင်ကျွမ်း အိမ်များမီးဘေးသင့်၊ ရဟတ်ယာဉ်များဖြင့်မီးငြိမ်းသတ်နေရ

တက္ကဆက် ဇွန် ၁၂

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ်တွင် ဇွန် ၁၂ ရက်က တောမီးများလောင်ကျွမ်းမှုဖြစ်ပွားရာ အနီးရှိနေအိမ်များ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ခဲ့ကြောင်း၊ ရဟတ်ယာဉ်များဖြင့် မီးငြိမ်းသတ်နေရကြောင်း အမေရိကန်အရာရှိများက ဇွန် ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။ **(ဝဲပုံ)**

တောမီးလောင်ကျွမ်းမှုမှာ သစ်တောဧရိယာမိုင် ၃၀ ပတ်လည်ခန့်ရှိကြောင်း၊ အနီးဝန်းကျင်ရှိ စီးပွားရေးဆိုင်ရာအဆောက်အအုံ ၁၂ ခုနှင့် နေအိမ်အများအပြား မီးဘေးသင့်ခံခဲ့ရကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ ထို့အတူ ဒေသခံ ၃၀၀၀ ခန့်အား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးထားရပြီး ဒေသခံ ၅၀၀ ခန့်မှာ ကြက်ခြေနီအဖွဲ့က စီစဉ်ပေးထားသော အရေးပေါ်ရွက်ဖျင်တဲများ၌ နေထိုင်ကြရကြောင်း၊ လိုအပ်သည့် အကူအညီများကို ထောက်ပံ့ဖြည့်ဆည်းပေးလျက်ရှိကြောင်း အမေရိကန်အရာရှိများက ပြောကြားသည်။

တောမီးမှာ ကော်လိုရာဒိုပြည်နယ် လာမီရာစီရင်စုအထိ ပျံ့နှံ့ကူးစက်လောင်ကျွမ်းလျက်ရှိရာ ရဟတ်ယာဉ်များ၊ မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်ရေး ကြိုးစားလျက်ရှိသည်။ ထို့အတူ အမေရိကန်နိုင်ငံ နယူးမက္ကဆီကိုပြည်နယ်တွင်လည်း တောမီးလောင်ကျွမ်းမှုများဖြစ်ပွားရာ အနီးရှိ လူနေအိမ် ၄၀ ခန့် မီးဘေးသင့်ခံခဲ့ရကြောင်း၊ သစ်တောအနီးဝန်းကျင်ရှိ ဒေသခံရာပေါင်းများစွာအား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးထားရကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၁၂-၆-၂၀၁၂

တင်မောင်လွင် - စုစည်းသည်

ချီလီ၌ ကမ္ဘာ့အကြီးဆုံး အာကာသကြည့်မှန်ပြောင်းတည်ဆောက်မည်

*မျက်နှာပြင်အချင်း မီတာ ၄၀ ရှိသည့် ဥရောပ၏အလွန်ကြီးမားသည့် အာကာသကြည့်မှန်ပြောင်းကြီး**(အပေါ်ပုံ)**ကို ချီလီနိုင်ငံတောင်ထိပ်တစ်ခုပေါ်တွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း ဇွန် ၁၂ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။ စက္ကူအမြင်အားကောင်းသည့် အဆိုပါအဝေးကြည့်မှန်ပြောင်းကြီး တည်ဆောက်ရေးလုပ်ငန်းအတွက် ဥရောပတောင်ပိုင်းနိုင်ငံများမှ မိုးလေဝသနှင့် နက္ခတ်တာရာလေ့လာရေးအဖွဲ့က ဂျာမနီနိုင်ငံ ဂါချန်မြို့တွင် ဇွန် ၁၁ ရက်က ကျင်းပသည့် အစည်းအဝေးတစ်ရပ်တွင် အတည်ပြုထောက်ခံခဲ့ကြသည်။ တည်ဆောက်မှုအားလုံးအတွက် ယူရိုငွေ တစ်ဘီလီယံကုန်ကျမည်ဟု ခန့်မှန်းထားသော်လည်း အတည်မပြုရသေးဟု ဆိုသည်။ အဆိုပါအဝေးကြည့်မှန်ပြောင်းကြီးသည် ၂၀၂၂ ခုနှစ်ခန့်တွင် စတင်အသုံးပြုနိုင်မည်ဖြစ်ပြီး ၂၁ ရာစုနက္ခတ်ဗေဒဆိုင်ရာ အဆောက်အအုံများ၏ အဓိကမှန်ပြောင်းကြီး တစ်ခုဖြစ်လာမည်ဖြစ်သည်။ နက္ခတ်ဗေဒလေ့လာရေးဆိုင်ရာ အများအပြား ပြည့်စုံစွာပါရှိမှုကြောင့် အာကာသရှိ အလင်း၏ မတူညီသောလှိုင်းတွန့်အကွာအဝေးကို ကြည့်ရှုနိုင်မည်ဖြစ်သည်။*

အင်္ဂလန်တောင်ပိုင်းဒေသများတွင် မိုးများဆက်လက်ရွာသွန်းနိုင်

အင်္ဂလန်နိုင်ငံတောင်ပိုင်းနှင့် ဝေလပြည်နယ်တို့တွင် မိုးများသည်းထန်စွာ ဆက်လက်ရွာသွန်းနိုင်ပြီး ရေလွှမ်းမှုများဖြစ်ပေါ်လာနိုင်သည်ဟု သတိပေးချက်ထုတ်ပြန်ထားကြောင်း ဇွန် ၁၂ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။ အင်္ဂလန်နိုင်ငံအရှေ့တောင်ပိုင်းရှိ နေရာဒေသ ၅၁ နေရာတို့တွင် ရေလွှမ်းမှုများ ဖြစ်ပေါ်နိုင်သည်ဟု သဘာဝပတ်ဝန်းကျင်ရေးရာဌာနမှ သတိပေးချက်ထုတ်ပြန်ခြင်းဖြစ်သည်။ အင်္ဂလန်နိုင်ငံ အရှေ့တောင်ပိုင်း၊ အရှေ့ပိုင်းနှင့်အနောက်တောင်ပိုင်းအပါအဝင် ဝေလဒေသတွင်လည်း မိုးသည်းထန်စွာ ရွာသွန်းနိုင်ကြောင်း မိုးလေဝသဌာနမှအရာရှိများက သတိပေးထားသည်။ ပြီးခဲ့သည့် ဇွန် ၉ ရက်ကလည်း ဝေလအလယ်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီးနောက် ရေလွှမ်းမှုများဖြစ်ပေါ်သဖြင့် လူ ၁၅၀ ခန့် ကယ်ဆယ်ခဲ့ရပြီး အခြား လူ ၁၀၀၀ ခန့်ကိုလည်း နေရာရွှေ့ပြောင်းပေးခဲ့ရသည်ဟု ဆိုသည်။

ကိုလံဘီယာရေတပ် ကိုကင်းတစ်တန်ခန့် သိမ်းဆည်းရမိ

အမေရိကန်နိုင်ငံသို့ ဦးတည်သယ်ဆောင်မည့် ကိုကင်းတစ်တန်ခန့်ကို ကိုလံဘီယာနိုင်ငံ ဘာရူးအပန်းဖြေစခန်းမြောက်ပိုင်း၌ သိမ်းဆည်းရမိခဲ့ကြောင်း ကိုလံဘီယာရေတပ်မှ တာဝန်ရှိသူများက ဇွန် ၁၂ ရက်က ပြောကြားသည်။ ကြမ်းခင်းဈေး အမေရိကန်ဒေါ်လာ ၂၃ သန်းခန့်တန်ဖိုးရှိ အဆိုပါ ကိုကင်း ၉၃၇ ကီလိုဂရမ်ကို နေအိမ်တစ်ခုအတွင်း ဝှက်ထားသည်ကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ကိုလံဘီယာရေတပ်အရာရှိ စီဆာနာဗတ်က ပြောကြားသည်။ ကိုလံဘီယာရေတပ်သည် ယခုနှစ်အတွင်း ကိုကင်း စုစုပေါင်း ၃၅ တန် သိမ်းဆည်းရမိခဲ့သည်။ ***(အင်တာနက်)***

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

ရုရှားနိုင်ငံအလယ်ပိုင်းတွင် လူ ၁၃ ဦး လိုက်ပါသွားသော လေယာဉ်ငယ်တစ်စင်း ပျောက်ဆုံးလျက်ရှိ

မော်စကို ဇွန် ၁၂

ရုရှားနိုင်ငံအလယ်ပိုင်းတွင် လူ ၁၃ ဦး စီးနင်းလိုက်ပါသွားသော လေယာဉ်ငယ်တစ်စင်း ဇွန် ၁၂ ရက် အစောပိုင်းက ပျောက်ဆုံးနေကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားသည်။ ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲအချိန်က ပျောက်ဆုံးခဲ့သော လေယာဉ်ငယ်အား ပြန်လည်တွေ့ရှိရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနက နှိုးဆော်ထားကြောင်း ဌာန၏ပြောရေးဆိုခွင့်ရှိသူက သတင်းဌာနသို့ ပြောကြားခဲ့သည်။

လေယာဉ်မှူးနှင့် ခရီးသည် ၁၂ ဦးလိုက်ပါသွားသည့် လေယာဉ်ငယ် မည်သည့်ကြမ္မာကြုံတွေ့နေသည်ကို မသိရှိရသေးကြောင်း၊ လေယာဉ်ပေါ်ရှိလူများသေသည်၊ ရှင်သည်ဆိုသည်ကိုလည်း ယခုအချိန်အထိ မသိရကြောင်း ၎င်းကပင်ဆက်လက်ပြောကြားသည်။ ၎င်းလေယာဉ်ငယ်သည် ဆာဂို့မြို့နယ်အနီးမှ ပျံတက်သွားပြီးနောက် ပျောက်ဆုံးနေခြင်းဖြစ်သည်။ လေယာဉ်ပေါ်ပါသွားသော ခရီးသည်များ၏ မိုဘိုင်းဖုန်းများခေါ်ဆိုကြည့်ရာတွင်လည်း တုံ့ပြန်ခြင်းမရှိကြောင်း ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အဖွဲ့က ပြောကြားခဲ့သည်။ **(အင်တာနက်)**

ယီမင်တောင်ပိုင်းတိုက်ပွဲ၊ အကြမ်းဖက်သမား ၃၃ ဦးနှင့် အစိုးရတပ်ဖွဲ့ဝင်ခြောက်ဦးသေဆုံး

အေဒင် ဇွန် ၁၂

ယီမင်နိုင်ငံတောင်ပိုင်း အဘီယန်ပြည်နယ်အတွင်း ဇွန် ၁၁ ရက် စောစောပိုင်းက အပြင်းအထန်တိုက်ပွဲဖြစ်ပွားရာ၌ အယ်လ်ခိုင်ဒါအကြမ်းဖက်အဖွဲ့ဝင် ၃၃ ဦးနှင့် အစိုးရတပ်ဖွဲ့ဝင်ခြောက်ဦး သေဆုံးကြောင်း အစိုးရအရာရှိတစ်ဦးက ပြောကြားသည်။ **(ယာပုံ)**

သေဆုံးခဲ့

အကြမ်းဖက်အုပ်စုဝင်များနှင့် အပြင်းအထန်တိုက်ပွဲဖြစ်ပြီးနောက် အဘီယန်ပြည်နယ်မှ အယ်လ်ခိုင်ဒါတို့ကြီးစိုးသည့် ချားမြို့နှင့်အနီးတစ်ဝိုက် ကျေးရွာများကို အစိုးရတပ်များက ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ ထိုတိုက်ပွဲတွင် အယ်လ်ခိုင်ဒါ ၂၅ ဦးနှင့် တပ်ဖွဲ့ဝင်ခြောက်ဦး သေဆုံးခဲ့သည်။

အေဒင်ပင်လယ်ကွေ့ရှိ ရှာကရာဆိပ်ကမ်းမြို့ အပြင်ဘက်၌ဖြစ်ပွားသည့် တိုက်ပွဲတွင် အယ်လ်ခိုင်ဒါရှစ်ဦးသေဆုံးပြီး အစိုးရတပ်ဖွဲ့ဝင်ခြောက်ဦး ဒဏ်ရာရသွားသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်တွင် အင်အားပြင်းငလျင်လှုပ်ပြီး မြေပြိုမှုဖြစ်ပွား လူ ၁၀၀ ကျော် သေဆုံး

ကဘူးလ် ဇွန် ၁၂

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်းတွင် ဇွန် ၁၁ ရက်က ငလျင်နှစ်ကြိမ် ဆင့်ကဲလှုပ်ခဲ့ပြီးနောက် မြေပြိုမှုဖြစ်ပွားခဲ့ရာ လူပေါင်း ၁၀၀ ထက်မနည်းသေဆုံးခဲ့ကြောင်း အင်တာနက်သတင်းတွင် ဇွန် ၁၂ ရက်က ဖော်ပြသည်။

အဆိုပါအဖြစ်ဆိုးနှင့်ပတ်သက်ပြီး ဘတ်ဂလန်ပြည်နယ်မှူးက ရင်နင့်ဖွယ်ရာဆိုးရွားသည့် ဖြစ်ရပ်တစ်ခုဖြစ်ကြောင်း၊ မြေပြိုမှုတွင် ရွာတစ်ရွာလုံးနီးပါးပျောက်ဆုံးသွားရသည်မှာ ဝမ်းနည်းစရာအလွန်ကောင်းကြောင်း သတင်းဌာနသို့ ပြောကြားခဲ့သည်။ ငလျင်လှုပ်မှုကြောင့် ဟောကာခရိုင်အတွင်းရှိ တောင်တစ်လုံးတွင် မြေပြိုမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ၎င်းတောင်အနီးရှိ ကျေးရွာတွင် အိမ်ခြေအလုံးပေါင်း ၂၃ လုံးကျော် မြေအောက်ဖုံးလွှမ်းသွားခဲ့သည်။ သေဆုံးသူများအား ရှာဖွေတွေ့ရှိရေးအတွက် ဘူဒိုဇာများအသုံးပြုကာ မြေကြီးများ ဖယ်ရှား ရှာဖွေလျက်ရှိသည်။ ထိုနယ်မြေဒေသအတွင်း လှုပ်သွားသောငလျင်မှာ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၄ အဆင့်ရှိပြီး နှစ်ကြိမ်ဆက်တိုက်လှုပ်သွားခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းအား ဂျပန်နိုင်ငံမှ ဒုတိယဝန်ကြီးတွေ့ဆုံ

နေပြည်တော် ဇွန် ၁၂

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းအား ဂျပန်နိုင်ငံစီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Hideichi Okada ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး အာဆီယံ-ဂျပန် မဲခေါင်ထိပ်သီးအစည်းအဝေး၌ သဘောတူညီထားသည့် သီလဝါအထူးစီးပွားရေးဇုန် Master Plan ရေးဆွဲရေးကိစ္စ အမြန်ပြီးစီးရေးနှင့် အမြန်အကောင်အထည်ဖော်ရေး၊ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံလိုသူများအား ဖိတ်ခေါ်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားရရှိရေး၊ လျှပ်စစ်မီးအတွက် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရေး အခြေအနေများ၊ ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံ၏ လျှပ်စစ်မီးရရှိရေး အကူအညီဖြစ်သော (၁)မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားပေးစက် (၂၈) လုံး ပေးအပ်မည့်အစီအစဉ်နှင့် အခြားလျှပ်စစ်ဓာတ်အား ရရှိနိုင်မည့် အခြေအနေများကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပိုက်ကျော်ခြင်းပြိုင်ပွဲ ကြည့်ရှုအားပေး

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ပေါင်းလောင်းအားကစားခန်းမ၌ ကျင်းပသော Champion Challenge Cup ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသားသုံးယောက်တွဲပွဲစဉ်ကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

တောင်ကိုရီးယားနိုင်ငံ Hoseo University ၏ ဖိတ်ကြားချက်အရ A⁺ Science World မှ Mr. Moon Yong Sik ဦးဆောင်၍ အဖွဲ့ဝင်များအဖြစ် ဦးချိုအေး၊ ဒေါ်ညွန့်ရွှေ၊ ဒေါ်ညိုညိုဝင်း၊ ဒေါ်လှယဉ်ဝင်း၊ ဒေါ်အိဆွေဝင်း၊ ဦးထွန်းမြင့်၊ ဒေါ်သန့်သီရိသက်နှင့် ဒေါ်စမ်းသီတာအောင်တို့ပါဝင်သော ပညာရေးလေ့လာရေးအဖွဲ့ ဇွန် ၁၁ ရက်က တောင်ကိုရီးယားနိုင်ငံသို့ မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူတွေ့ရစဉ်။ (မြန်မာ့အလင်း)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ယှဉ်ပြိုင်အောင်နိုင်ရေး အဓိကမဏ္ဍိုင်ကြီး (၅)ရပ်ဖြင့် ဆောင်ရွက်သွားမည်

နေပြည်တော် ဇွန် ၁၂

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အကြိုလေ့ကျင့်ရေးပြိုင်ပွဲအဖြစ် တိုင်းဒေသကြီးနှင့်ပြည်နယ် Champion Challenge Cup 2012 အားကစားပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပျဉ်းမနားရှိ ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်အမှာစကားပြောကြားရာတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိစေရေးအတွက် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် အသီးသီး၌ လေ့ကျင့်နေကြသည့် အားကစားသမားများ၊ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်/မန္တလေး) တို့တွင် လေ့ကျင့်ပေးနေသည့် အားကစားသမားများ၊ တက္ကသိုလ်/ကောလိပ်နှင့် အခြေခံပညာကျောင်းများ၏ ကျောင်းသားအားကစားပြိုင်ပွဲများမှ ရွေးချယ်ရရှိလာမည့် အလားအလာရှိသော လူငယ်အားကစားသမားများ၊ တပ်မတော် (ကြည်း/ရေ/လေ)နှင့် ပြည်သူ့ရဲတပ်ဖွဲ့တို့မှ ရွေးချယ်ရရှိမည့် အားကစားသမားများအပြင် ယနေ့ကျင်းပသော Champion Challenge Cup ပြိုင်ပွဲများမှ ထူးချွန်သည့် အားကစားသမားများနှင့် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း၌ လေ့ကျင့်ပေးနေသည့် အားကစားသမားများအား အဓိကမဏ္ဍိုင်ကြီး (၅)ရပ်အဖြစ် သတ်မှတ်ကာ စနစ်တကျစုဖွဲ့ လေ့ကျင့်ပြီး ယှဉ်ပြိုင်အနိုင်ရရှိရေး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ထူးထူးကဲကဲ အောင်မြင်မှုရရှိစေရေးအတွက် အလားအလာရှိသော မျိုးဆက်သစ်အားကစားသမားများအား နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း၌ ပြည်တွင်း/ ပြည်ပနည်းပြများဖြင့် သက်ဆိုင်ရာ အားကစားနည်းအလိုက် နည်းစနစ်မှန်ကန်စွာ တတ်မြောက်စေရေး လေ့ကျင့်ပေးသွားကာ စည်းကမ်းကောင်းမွန်ပြီး ပူးပေါင်းဆောင်ရွက်တတ်မှု၊ အနစ်နာခံတတ်မှု၊ ရိုင်းပင်းကူညီတတ်မှု အစရှိသည့် အားကစားစိတ်ဓာတ်များ ရှင်သန်ထက်မြက်စေရေးများကိုပါ လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ လေ့ကျင့်ပေးနိုင်ရန်အတွက် ခေတ်မီအားကစားကွင်း/အားကစားရုံနှင့် အထောက်အကူပြုပစ္စည်းများကို လယ်ဝေးအားကစားဇုန်၌ တည်ဆောက်ဖြည့်တင်းစီစဉ်ထားရှိပြီးဖြစ်ကြောင်း၊ သို့ဖြစ်၍ ယခုပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအနေဖြင့် မိမိတိုင်းဒေသကြီးနှင့် ပြည်နယ်အောင်မြင်မှုရရှိရေးကို ချမှတ်ထားသည့် ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကြိုးစားယှဉ်ပြိုင်သွားကြပြီး ရွေးချယ်ခံရသည့် အားကစားသမားများအနေဖြင့်လည်း နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်းသို့ မပျက်မကွက် စခန်းဝင်လေ့ကျင့်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပေါင်းလောင်းအားကစားခန်းမ၌ ကျင်းပသော Champion Challenge Cup ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသားသုံးယောက်တွဲနှင့် အမျိုးသမီးသုံးယောက်တွဲပွဲစဉ်များကို ကြည့်ရှုအားပေးသည်။

ယနေ့ ကျင်းပသော Champion Challenge Cup ပထမအသုတ်ပြိုင်ပွဲများအဖြစ် ဂေါက်သီး၊ သိုင်း၊ စက်ဘီး၊ အလေးမ၊ ကရာတေးဒို၊ ပိုက်ကျော်ခြင်း၊ လက်ဝှေ့၊ ဖူဆယ်(ကျား/မ) အားကစားနည်းများကို ဇမ္ဗူသီရိအားကစားဇုန်၊ နေပြည်တော်လယ်ဝေး အားကစားရုံ၊ နေပြည်တော် မြို့တော်ဂေါက်ကွင်း၊ ပေါင်းလောင်း အားကစားပြိုင်ပွဲရုံနှင့် အမှတ်(၇)တည်းခိုရေးစခန်းတို့၌ ဇွန် ၂၂ ရက်အထိ ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပရဟိတဂေဟာသို့ ပစ္စည်းများထောက်ပံ့ပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၁၂

၂၀၁၂ခုနှစ် မေ ၂၆ရက်တွင် Royal Mingalardon Golf & Country Club(RMGCC)၌ ကျင်းပပြီးစီးခဲ့သော RMGCC 3rd Anniversary Charity Golf Tournament ရန်ပုံငွေဂေါက်သီးရိုက်ပြိုင်ပွဲမှ ရရှိခဲ့သော ငွေများဖြင့် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးရပ်ကွက်တွင်ဖွင့်လှစ်ထားသော လူမှုဝန်ထမ်းဦးစီးဌာန၏ အသိအမှတ်ပြု ပထမအဆင့် ကလေးများဘဝ မြှင့်တင်မှု လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ကျောင်းဝတ်စုံနှင့် ကျောင်းသုံးပစ္စည်းများ၊ ဆန်အိတ်၊ ဆီ၊ သွပ်ပြား အစရှိသည့် ငွေကျပ် ၂၅ သိန်းတန်ဖိုးရှိသော ပစ္စည်းများ ထောက်ပံ့ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ဇွန် ၉ရက်က အဆိုပါ ပရဟိတဂေဟာ၌ ကျင်းပသည်။

ရှေးဦးစွာ Royal Mingalardon Golf & Country Club (RMGCC) ၏ အထွေထွေမန်နေဂျာ ဦးသိန်းအောင်က လှူဒါန်းသည့်ပစ္စည်းများကို စာရင်းမှတ်တမ်းနှင့်တကွ လွှဲပြောင်းပေးအပ်ရာ ပထမအဆင့် ကလေးများဘဝမြှင့်တင်မှု လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာဥက္ကဋ္ဌ ဦးစောရော်ဂျာက **(အောက်ပုံ)** လက်ခံပြီး ကျေးဇူးတင်စကားပြောကြားသည်။

ယင်းပရဟိတဂေဟာသည် မိဘမဲ့ ကလေး ၉၈ ဦးအား ပြုစုပျိုးထောင် စောင့်ရှောက်ပေးလျက်ရှိကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဝေါမြို့နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ် မိုးစပါးစီမံကိန်းတာဝန်ပေးအပ်ပွဲကို ဇွန် ၈ ရက်က မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်က ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံ စီမံကိန်းတာဝန်များ ပေးအပ်စဉ်။ (မြို့နယ် ထွေ/အုပ်)

မြန်မာ့အလင်း

မှုခင်းသတင်း

စမ်းချောင်းမြို့နယ်အတွင်း အမျိုးသမီးတစ်ဦး တိုက်ပေါ်မှခုန်ချသေဆုံး

စမ်းချောင်း ဇွန် ၁၂

ဇွန် ၁၀ ရက် ည ၈ နာရီခွဲခန့်က စမ်းချောင်းမြို့နယ်၌ အမျိုးသမီးတစ်ဦး တိုက်အမြင့်ငါးလွှာမှ ခုန်ချသေဆုံးမှုတစ်ခုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ စမ်းချောင်းမြို့နယ် မြေနီကုန်းတောင်ရပ်ကွက် မြေနီကုန်းဈေးလမ်း တိုက်အမှတ်(၁၅) ငါးလွှာနေ အသက် ၂၇ နှစ်ရှိ မခင်ရီသည် အိမ်ရှေ့ပြတင်းပေါက် သံပန်းတံခါးအား သော့ဖွင့်၍ ခုန်ချခဲ့သည်ဟု သိရသည်။

ထိုသို့ခုန်ချစဉ် လမ်းဘေး၌သွယ်တန်းထားသော ဓာတ်ကြိုးပေါ်မှတစ်ဆင့် ကတ္တရာလမ်းပေါ်သို့ ပြုတ်ကျခဲ့သည်ဟု အနီးဝန်းကျင်မှ တွေ့မြင်သူများ၏ ပြောပြချက်အရ သိရသည်။

ခုန်ချမှုအရှိန်ကြောင့် ဦးခေါင်း၌ပြင်းထန်သော ဒဏ်ရာများရရှိခဲ့သည့်အတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်စဉ် လမ်း၌ပင်သေဆုံးသွားခဲ့ကြောင်း ထပ်မံသိရှိခဲ့ရသည်။

အမှုဖွင့်စစ်ဆေး

ထိုသေဆုံးမှုနှင့်ပတ်သက်၍ စမ်းချောင်းမြို့နယ်ရဲစခန်းမှ ဓမ္မတာအတိုင်း သေဆုံးမှုဟုတ်မဟုတ်ကို စစ်ဆေးခဲ့ပြီး ဇွန် ၁၂ ရက် နံနက်က စခန်းမှ တာဝန်ရှိသူတစ်ဦးက သေမှုသေခင်းအမှတ်စဉ် ၁၂/၂၀၁၂ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း ပြောကြားခဲ့သည်။ (ဝ၄၂)

လှိုင်သာယာ၌ ဂက်စ်ပိုက်လိုင်းပေါက်ရာမှ မီးလောင်

ရန်ကုန် ဇွန် ၁၂

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန် ဆိပ်ကမ်းသာလမ်း အမှတ်(၄၃၅/၄၃၆) ရွှေနဒီကုမ္ပဏီဝင်းရှေ့ မြေအောက်ဂက်စ်ပိုက်လိုင်းမှ ဇွန် ၁၁ ရက် ညနေ ၄ နာရီ ၁၅ မိနစ်က ပေါက်ကွဲမှု ကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

ဖြစ်စဉ်မှာ ရွှေနဒီကုမ္ပဏီဝင်းရှေ့ ချုံရှင်း၊ မြောင်းဖော်ရန် ဘက်ဟိုးယာဉ်ဖြင့် ရှင်းလင်းနေစဉ် မြေအောက်ရှိ လှိုင်သာယာ CNG (၁)နှင့် (၂)သို့ ပို့လွှတ်သည့် ဂက်စ်ပိုက်ကို ထိုးမိ၍ ပေါက်ကွဲမီးလောင်မှုဖြစ်ရာ အနီးရှိ ကောင်းမြတ်သူ အုတ်သဲ၊ ကျောက်လုပ်ငန်းမှတဲသို့ မီးကူးစက်လောင်ကျွမ်းပြီး မောင်ဇော်မင်းဝင်း အသက်(၃၀)၊ မောင်စိုးမင်းထွန်း အသက်(၃၀)၊ မအိဇင် အသက် (၁၇) နှစ်တို့ မီးဟပ်ဒဏ်ရာ ရရှိကာ မအိဇင်အား ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ကြောင်းနှင့် အသက်အန္တရာယ် စိုးရိမ်စရာမရှိကြောင်း သိရသည်။ (၁၆၄)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၆-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅:၄၀	**ကုသိုလ်ရွှေအိုး လှုမခိုး** တရားတော် (ဆရာတော်အရှင်နန္ဒဝံသ)
၈:၅၅	အောင်ဇမ္ဗူရွှေဘုန်းမြင့် စေတီတော်၏ (၂၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်
၁၀:၀၀	ခေတ်သစ်ပျိုမေ
၅:၂၀	Golden Minute
၆:၀၀	MRTV-4 သတင်း
၇:၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈:၀၀	MRTV-4 သတင်း
၁၂:၂၀	World of Knowledge (Australis Dingo)
၃:၅၅	ဝိရောဓိ CONTRA
၄:၀၅	စွမ်းအင်တို့ရဲ့ နှီးစက် (ကခုန်ခြင်းနှင့် အားကစား)
၄:၂၀	Shooting Location (ဆရာမအိမ်)
၄:၃၅	တန်ဖိုးရှိသော ဝါးပင်လေးများမှသည်...

အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေ အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ် အလုပ်သမားတို့၏ လူမှုဖူလုံရေးကိစ္စရပ်များ ကာကွယ်နိုင်ရန် လွှတ်တော်သို့တင်သွင်းထား

အဓမ္မခိုင်းစေမှု လုံးဝပပျောက်ရေးမှာ နိုင်ငံတော်အစိုးရ၏ ဦးစားပေးလုပ်ငန်းတစ်ခုဖြစ် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့မှ ပိတ်ဆို့မှုရုပ်သိမ်းရန်အချိန်ကျရောက်ပြီ ဆုံးဖြတ်ချက်များ ရုပ်သိမ်းလာခြင်းသည် မြန်မာပြည်သူများအတွက် အဖြစ်သင့်ဆုံးကိစ္စဖြစ်

နေပြည်တော် ဇွန် ၁၂

၂၀၁၂ ခုနှစ် မေ ၃၀ ရက်မှ ဇွန် ၁၅ ရက်အထိ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ ကုလသမဂ္ဂအဆောက်အအုံ၌ ကျင်းပလျက်ရှိသည့် (၁၀၁)ကြိမ်မြောက်အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာညီလာခံသို့တက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအောင်ကြည်သည် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့်အတူ ဂျီနီဗာမြို့သို့ ဇွန် ၅ ရက် နံနက်ပိုင်းတွင် ရောက်ရှိခဲ့သည်။

ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၇ ရက် နံနက်ပိုင်းတွင် ဂျီနီဗာမြို့ကုလသမဂ္ဂရုံး၌ ကျင်းပသည့် (၁၀၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံစုံညီအစည်းအဝေးသို့တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက မိန့်ခွန်းပြောကြားရာတွင် တောင်ပိုင်း ဆူဒန်သမ္မတနိုင်ငံသည် ILO၏(၁၈၄)ကြိမ်မြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်လာခြင်းကို ကြိုဆိုကြောင်း၊ မြန်မာနိုင်ငံအလုပ်သမားထုအကျိုးစီးပွားအတွက် ကြိုးပမ်းအောင်မြင်မှုများနှင့် မြန်မာနိုင်ငံနှင့် အိုင်အယ်လ်အိုတို့အကြား ပူးပေါင်းဆောင်ရွက်မှုများကို အကျဉ်းချုပ်ပြောကြားလိုကြောင်း၊ ဥပဒေအပိုင်း၌ တိုတောင်းသည့် အချိန်ကာလတွင် သိသာထင်ရှားသည့် တိုးတက်မှုများရရှိခဲ့ကြောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေတွင် အဓမ္မခိုင်းစေမှုပပျောက်ရေးအတွက် ပြဋ္ဌာန်းထားပြီးဖြစ်ရာ ခိုင်မာသည့်ဥပဒေတစ်ရပ်ဖြစ်ပါကြောင်း။

အလုပ်သမားအဖွဲ့အစည်းဥပဒေ ပေါ်ပေါက်လာခဲ့ခြင်းဖြင့် မိမိတို့အလုပ်သမားထုနှင့်အလုပ်ရှင်များသည် နိုင်ငံတစ်ဝန်းတွင် အလုပ်သမားအဖွဲ့အစည်းများနှင့် အလုပ်ရှင်အဖွဲ့အစည်းများလွတ်လပ်စွာဖွဲ့စည်းထူထောင်ပေါ်ပေါက်ခဲ့ပြီဖြစ်ပါကြောင်း၊ ထို့ပြင် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေအတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းဥပဒေသည် အစိုးရ၊ အလုပ်ရှင်နှင့်အလုပ်သမားတို့ပါဝင်သည့် သုံးပွင့်ဆိုင်စနစ်ဖြင့် တွေ့ဆုံဆွေးနွေး၍ အလုပ်သမားရေးရာ အငြင်းပွားမှုကိစ္စရပ်များကိုညှိနှိုင်းဖြေရှင်းပေးသွားမည်မှာသံသယဖြစ်ဖွယ်မရှိကြောင်း၊ ထို့ပြင်အလုပ်သမားများအတွက် ပင်စင်ခံစားခွင့်နှင့်လူမှုဖူလုံရေး အိမ်ရာစီမံကိန်းအပါအဝင် အလုပ်သမားထု၏ လူမှုဖူလုံရေးကိစ္စရပ်များကို ထိရောက်စွာကာကွယ်နိုင်ရန် လူမှုဖူလုံရေးဥပဒေသစ်ကိုလည်း လွှတ်တော်သို့တင်သွင်းထားပါကြောင်း။

အဓမ္မခိုင်းစေမှုလုံးဝပပျောက်ရေးမှာ နိုင်ငံတော်အစိုးရ၏ ဦးစားပေးလုပ်ငန်းတစ်ခုပင်ဖြစ်ကြောင်း၊ ယင်းအတွက်ပြီးပြည့်စုံသည့် လုပ်ငန်းစီမံချက်ကို အပြီးသတ်ရေးဆွဲပြီးဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်မတိုင်မီ ရည်မှန်းချက်သို့ရောက်ရှိမည်ဟု ယုံကြည်ကြောင်း၊ ၁၉၉၈ခုနှစ်စုံစမ်းရေးကော်မရှင်မှ ကွန်ဗင်းရှင်း(၂၉)ကို မြန်မာနိုင်ငံမှ လိုက်နာအကောင်အထည်ဖော်မှုနှင့်ပတ်သက်၍အကြံပြုတိုက်တွန်းချက်များ ချမှတ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံမှ ယင်းအကြံပြုတိုက်တွန်းချက်များကို အပြည့်အဝ လိုက်နာအကောင်အထည်ဖော်ပြီး ဖြစ်ပါကြောင်း၊ အဓမ္မခိုင်းစေမှုမပြုရေးအတွက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့တွင် နိုင်ငံတော်က ချမှတ်ဆောင်ရွက်နေမှုများကို အသိအမှတ်ပြု တုံ့ပြန်ပေးရန်လိုအပ်ကြောင်း။

မြန်မာနိုင်ငံ၏ ပြည်သူလူထု၏ အကျိုးစီးပွားအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြောင်းလဲမှု အရှိန်အဟုန်မှာ တိုးတက်အောင်မြင်နေပြီဖြစ်ကြောင်း၊ စစ်မှန်ပြီး ပြောင်းလဲ၍ မရကြောင်း၊ မြန်မာနိုင်ငံသည် ခေတ်သစ်အချိန်အခါသို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအား အမြင်သစ်ဖြင့်ရှုမြင်၍ ထောက်ခံအားပေးရန် လိုအပ်ပါကြောင်း၊ (၈၇)ကြိမ်မြောက်နှင့် (၈၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာညီလာခံမှ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များကို ရုပ်သိမ်းပေးရန် တောင်းဆိုကြောင်း၊ ဆုံးဖြတ်ချက်များ ရုပ်သိမ်းပေးခြင်းသည် မြန်မာပြည်သူလူထုအတွက် အဖြစ်သင့်ဆုံးကိစ္စပင်ဖြစ်ကြောင်း၊ ရုပ်သိမ်းခြင်းမပြုပါက ပြည်သူလူထု၏ အနာဂတ်မျှော်မှန်းချက်ကို ထိခိုက်စေလိမ့်မည်ဖြစ်ကြောင်း။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း မြန်မာနိုင်ငံသို့ လာရောက်စဉ် ပြည်ထောင်စုလွှတ်တော်၌ မိန့်ခွန်းပြောကြားသွားရာတွင်လည်း မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုများ ရုပ်သိမ်းခြင်း၊ ဆိုင်းငံ့ခြင်း၊ ဖြေလျှော့ခြင်းစသည်တို့ထက်ပို၍ပင် လုပ်ဆောင်ပေးသင့်သည် ဆိုသည့်အချက် ပါဝင်ကြောင်း၊ ယင်းအချက်မှာ မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အတွက် အသိအမှတ်ပြုခြင်းနှင့် တိုက်တွန်းအားပေးခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့သည် တစ်စုံတစ်ရာအတွက် ထိုက်သင့်သည့်တန်ဖိုး ပေးခဲ့ပြီးဖြစ်ပါက မိမိတို့ပေးဆပ်ခဲ့သည့်တန်ဖိုးအလိုက် တန်ရာတန်ကြေးကို ပြန်လည်လက်ခံရရှိရန် အခွင့်အရေးရှိကြောင်း၊ မြန်မာနိုင်ငံသည် ဆောင်ရွက်ရန်လိုအပ်သည်များကို အပြည့်အဝ အကောင်အထည်ဖော်ခဲ့ပြီးဖြစ်၍ ထိုက်တန်သည့် အကျိုးကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ယခုညီလာခံမှ ၁၉၉၉/၂၀၀၀ ဆုံးဖြတ်ချက်များအားလုံးကို တစ်ပေါင်းတည်း ရုပ်သိမ်းပေးရန် မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါခဲ့ကြသော အလုပ်ရှင်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်နွယ်သည် ဇွန် ၇ ရက် နံနက်ပိုင်းတွင် လည်းကောင်း၊ အလုပ်သမားကိုယ်စားလှယ် ဦးသန့်ဇင်ဦးသည် ဇွန် ၈ ရက် မွန်းလွဲပိုင်းတွင်လည်းကောင်း (၁၀၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ညီလာခံ၌ ကန့်သတ်မှုများ ရုပ်သိမ်းပေးရန် ပြောကြားခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်တို့သည် ဇွန် ၈ ရက် နံနက် ၈ နာရီတွင် Inter Continental Hotel ၌ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးက တည်ခင်းဧည့်ခံသော အလုပ်သဘောနံနက်စာစားပွဲသို့ အာဆီယံနိုင်ငံများမှ အလုပ်သမားဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ အလုပ်သမားရေးရာ တိုးတက်ဖြစ်ထွန်းမှုအခြေအနေနှင့် အလားအလာများအား ဆွေးနွေးခဲ့ရာတွင်-

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် ဂျီနီဗာမြို့ ကုလသမဂ္ဂရုံး၌ ကျင်းပသည့် (၁၀၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

- အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံဘက်မှရပ်တည်ပြီး အာဆီယံ ပူးတွဲကြေညာချက်တစ်ရပ်ကို (Standard Committee) စံချိန်စံညွှန်း ကော်မတီ အစည်းအဝေးတွင် ထုတ်ပြန်ကြေညာခဲ့ခြင်းအတွက် ကျေးဇူးတင်ရှိကြောင်း၊
- မြန်မာနိုင်ငံအပေါ် ILO က ချမှတ်ထားသည့် တားမြစ်ကန့်သတ်ချက်များ ပါဝင်သော ဆုံးဖြတ်ချက်များ ရုပ်သိမ်းရေးအတွက် ILO အုပ်ချုပ်မှုအဖွဲ့၏ ဆုံးဖြတ်ချက်ရေးဆွဲပြုစုရေးကော်မတီ (Selection Committee) အစည်းအဝေးတွင်လည်း အခြားနိုင်ငံအများအပြားမှ အစိုးရကိုယ်စားလှယ်များ၊ အလုပ်ရှင်အဖွဲ့အစည်းများ၊ အလုပ်သမားအဖွဲ့အစည်းများနှင့်အတူ မြန်မာနိုင်ငံဘက်မှ ရပ်တည်ပေးသည့်အတွက် အထူးကျေးဇူးတင်ရှိကြောင်း၊
- ညီလာခံမျက်နှာစုံညီအစည်းအဝေးတွင် အာဆီယံဝန်ကြီးများအနေဖြင့် မြန်မာနိုင်ငံဘက်မှ တစ်သမတ်တည်းစွဲမြဲညီညွတ်စွာ ရပ်တည်၍ ထောက်ခံပြောကြားပေးသည့်အတွက်လည်း ကျေးဇူးတင်ရှိကြောင်း၊
- အကယ်၍ မြန်မာနိုင်ငံအပေါ်ချမှတ်ထားသည့် ကန့်သတ်ထားချက်များကို ရုပ်သိမ်းရေးအတွက် မဲခွဲရန် အခြေအနေရှိပါကလည်း အခြားသောအစိုးရအဖွဲ့များ၊ အလုပ်ရှင်အဖွဲ့အစည်းများ၊ အလုပ်သမားအဖွဲ့အစည်းများနှင့် အတူ အာဆီယံနိုင်ငံများအနေနှင့် တညီတညွတ်တည်း ရပ်တည်ထောက်ခံပေးစေလိုကြောင်းဖြင့် ပြောကြားခဲ့သည်။

ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့် ကျင်းပသည့်အစည်းအဝေးသို့ အာရှ-ပစိဖိတ်အုပ်စု (Asia-Pacific Group-ASPAG) မှ ဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့သည်။ ထို့နောက် ဇွန် ၁၁ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဩစတြေးလျနိုင်ငံ အလုပ်အကိုင်နှင့် လုပ်ငန်းခွင်ဆက်ဆံရေးဝန်ကြီး Mr.Bill Shorten နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံလုပ်သားထု၏ ကျွမ်းကျင်မှုမြှင့်တင်ရေးအတွက် အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၁၂ ရက် ညနေ ၃ နာရီတွင် ကျင်းပခဲ့သည့် အာရှပစိဖိတ်အလုပ်သမားဝန်ကြီးများ အစည်းအဝေး (Asia-Pacific Group-ASPAG) တွင် မိန့်ခွန်းပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးမိန့်ခွန်းပြောကြားရာတွင် လူငယ်အလုပ်အကိုင် အခွင့်အလမ်းအတွက် နိုင်ငံတော်အစိုးရသည် အထူးအလေးပေး ဆောင်ရွက်နေကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတည်ငြိမ်ဖွံ့ဖြိုးမှုသည် အရေးကြီးဆုံး လိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့် အလုပ်သမားအငြင်းပွားမှုဖြေရှင်းရေးဥပဒေတို့ကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ရေးဆွဲပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ လုပ်ထုံးလုပ်နည်းများလည်း ထုတ်ပြန်ပြီးဖြစ်၍ ယခုအခါ အလုပ်သမားအဖွဲ့အစည်း ၄၀ ခန့် ပေါ်ပေါက်လာပြီဖြစ်ကြောင်း၊ မကြာမီ အလုပ်သမားအဖွဲ့ချုပ်များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့များလည်း ဖွဲ့စည်းနိုင်မည်ဟုယုံကြည်ကြောင်း၊နိုင်ငံရေးအခြေခံအဆောက်အအုံပိုင်းမှာလည်းအရေအတွက်အရလည်းကောင်း၊ အရည်အချင်းအရလည်းကောင်း၊ တိုးတက်လာစေရန် ပြုပြင်ပြောင်းလဲမှု အများအပြားဆောင်ရွက်လျက်ရှိကြောင်း၊ ဘဏ္ဍာရေးဝန်ဆောင်မှုများကိုလည်း ပုဂ္ဂလိကကဏ္ဍနှင့် နိုင်ငံတကာကူးသန်းရောင်းဝယ်မှု ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ထားကြောင်း၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၊ သမဝါယမများနှင့် စွန့်ဦးတီထွင်သူများ တိုးပွားလာစေရေးအတွက် အားပေးမှုများ ပြုလုပ်ထားကြောင်း၊ ပိုမိုကောင်းမွန်သော ပတ်ဝန်းကျင်အခြေအနေများ ဖန်တီးပေးလျက်ရှိကြောင်း၊ ထို့ပြင် ထုတ်လုပ်နိုင်စွမ်းနှင့် ယှဉ်ပြိုင်နိုင်စွမ်းတို့မြှင့်စေမည့် မူဝါဒများချမှတ်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ လုပ်သားထုအင်အား၏ ၈ ရာခိုင်နှုန်းခန့်သည် ရွှေ့ပြောင်းအလုပ်သမားများဖြစ်ကြောင်း၊ ၎င်းတို့အနက် အများစုသည် လူငယ်အလုပ်သမားများဖြစ်ကြောင်း၊ ၎င်းတို့၏ အခွင့်အရေးနှင့် အလုပ်ခွင်အတွင်း မျှတမှုရှိရန် ကြိုးပမ်းအားထုတ်မှုများသည် အလုပ်သမားလက်ခံသော နိုင်ငံအချို့၏ စိတ်ပါဝင်စားမှုအားနည်းမှုကြောင့် ကြီးမားသော စိန်ခေါ်မှုများရှိနေသေးကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားကိစ္စသည် အရေးကြီးသော လုပ်ငန်းစဉ်ဖြစ်၍ တရားမျှတမှုနှင့် အခွင့်အရေးတန်းတူ ရရှိနိုင်ရေးအတွက် မြန်မာနိုင်ငံအနေနှင့် မည်သည့်နိုင်ငံ၊ မည်သည့်အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းနှင့်မဆို ပူးပေါင်းဆောင်ရွက်သွားရန် အဆင်သင့်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံခြင်းသည် မြန်မာလူငယ်အလုပ်သမားများ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်သဖြင့် ပြည်ပရောက် လူငယ်အလုပ်သမားများအား ပြည်တွင်းသို့ ပြန်လာနိုင်ရန် ကူညီခြင်းပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ အလုပ်သမားထု၏ လူနေမှုဘဝမြှင့်တင်ရေး၊ ကျွမ်းကျင်မှုနှင့် နည်းပညာအဆင့်အတန်း တိုးတက်ရေးနှင့် ပိုမိုကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လင်းစေရေးအတွက် နိုင်ငံတကာမှ ပံ့ပိုးကူညီမှုလိုအပ်ကြောင်း ပြောကြားခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ ဒုတိယခေါင်းဆောင် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်သည် ဇွန် ၆ ရက်နှင့် ၁၁ ရက်တို့တွင် အိုင်အယ်လ်အို အုပ်ချုပ်မှုအဖွဲ့ သဘာပတိ Mr.Greg Vines နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံအတွက် ကောင်းမွန်သော ရလဒ်များရရှိရေးနှင့် အိုင်အယ်လ်အိုနှင့် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ဇွန် ၁၂ ရက်တွင် ကျင်းပခဲ့သော ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင်နိုင်ငံများ၏ အလုပ်သမားဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်မိန့်ခွန်းပြောကြားခဲ့ရာတွင် မြန်မာနိုင်ငံတွင် အဘက်ဘက်မှ တိုးတက်ပြောင်းလဲမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ဤပြောင်းလဲမှုများကိုလည်း ကုလသမဂ္ဂနှင့် နိုင်ငံတကာလူမှုအသိုက်အဝန်းမှ အသိအမှတ်ပြု ချီးကျူးခဲ့ကြပြီး မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် အမျိုးမျိုးသောအရေးယူပိတ်ဆို့မှုများကို ဖြေလျှော့ပေးခြင်းများ အကျိုးဆက်အဖြစ်ပေါ်ပေါက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် အဓမ္မစေခိုင်းမှုနှင့်ပတ်သက်၍ ဥပဒေ၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးပိုင်းတို့သည် ဥပဒေနှင့်လက်တွေ့ပိုင်းတွင် တိုးတက်မှုများရှိ၍ ဤတိုးတက်မှုများကို အသိအမှတ်ပြုသင့်ကြောင်း၊ နိုင်ငံတော်သည် အဓမ္မခိုင်းစေမှုနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၉ အရ တားမြစ်ထားကြောင်း၊ နိုင်ငံရေးခံယူချက်အရလည်း ပါဝင်တားမြစ်ထားပြီး ပြစ်မှုအဖြစ်သတ်မှတ်ရန်နှင့် ပပျောက်စေရန် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရေးကို မေ ၁ ရက်တွင် နိုင်ငံတော်သမ္မတကြီးက မိန့်ကြားခဲ့ကြောင်း၊ ပြစ်ဒဏ်အဖြစ် သတ်မှတ်ထားသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁/၂၀၁၂)နှင့်ယင်းဥပဒေကိုပြင်ဆင်သည့်ဥပဒေတို့ ပြဋ္ဌာန်းထားကြောင်း၊ ယခုတိုင်တည်ဆဲဥပဒေဖြစ်သော ပြစ်မှုဆိုင်ရာဥပဒေရှိကြောင်း၊ ဥပဒေသမိုင်းကြောင်းအရ မြန်မာနိုင်ငံတွင် တားမြစ်ခဲ့ကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်(၁/၉၉)နှင့် ဖြည့်စွက်အမိန့်ရှိခဲ့ကြောင်း၊ ဥပဒေပိုင်းအပြင်လက်တွေ့ပိုင်း၌လည်း နားလည်မှုမှတ်တမ်း၊ ဖြည့်စွက်နားလည်မှုနှင့် နားလည်မှုစာချွန်လွှာများ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့နှင့် ချုပ်ဆိုခဲ့ကြောင်း၊ ထို့ကြောင့်ဥပဒေအပိုင်းနှင့်လက်တွေ့ပိုင်းတွင် တိုးတက်မှုများရှိကြောင်း၊ ယင်းအပြင်အလုပ်သမားများအကျိုးနှင့်စပ်လျဉ်းသည့် အခြားသောဥပဒေသစ်များပြင်ဆင်သည့် ဥပဒေများပြဋ္ဌာန်းကြောင်း၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့၏ စံချိန်စံညွှန်းများနှင့်အညီ ပြဋ္ဌာန်းလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအပေါ်အရေးယူပိတ်ဆို့မှုများချမှတ်ခဲ့သည်မှာ အချိန်ကာလ ၁၂နှစ်ကျော်လွန်ခဲ့ပြီဖြစ်ပြီး ပြောင်းလဲတိုးတက်မှုများစွာဖြစ်ပေါ်ခဲ့၍ ကမ္ဘာ့လူမှုအသိုက်အဝန်းမှလည်း ချီးကျူးမှုများစွာ ရရှိခဲ့ပြီးဖြစ်ကြောင်း၊ သို့ဖြစ်၍ ဥပဒေပိုင်းနှင့်လက်တွေ့ပိုင်းတွင် မြန်မာနိုင်ငံ၏ဆောင်ရွက်မှုတို့သည် လွန်စွာကြီးမားသဖြင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့မှ အရေးယူပိတ်ဆို့မှုများကို ရုပ်သိမ်းရန်အချိန်ကျရောက်လာပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် 87th ILC နှင့် 88th ILC တွင် ချမှတ်ထားသည့် ဆုံးဖြတ်ချက်များအား အပြည်ပြည်ဆိုင်ရာဥပဒေနှင့် ပြည်တွင်းဥပဒေအရ အပြည့်အဝ ဖြည့်ဆည်းခဲ့ပြီးဖြစ်၍ ILOသည် ၎င်း၏ကတိကဝတ်ကိုစောင့်ထိန်းပြီး မြန်မာနိုင်ငံအပေါ်ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုများအားလုံးကိုရုပ်သိမ်းရန် စည်းမျဉ်းစည်းကမ်းအရ ပြောဆိုပေးနိုင်ရေးအတွက် ကူညီပေးစေလိုကြောင်းဖြင့် ပြောကြားခဲ့သည်ဟု သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ဘဝအမောပြေ

ငွေမစုမိဘူး **အာကာဟိန်း-ရေးသားသည်**

ဟားဗတ်တက္ကသိုလ်မှ ကျောင်းပြီးကတည်းက ကွဲကွာသွားကြသော ကျောင်းနေဖက် သူငယ်ချင်းမိန်းကလေးနှစ်ဦး ၁၀ နှစ်ခန့်အကြာ၌ မမျှော်လင့်ဘဲ ပြန်တွေ့ပြီး စကားများပြောမကုန်ဖြစ်လျက်ရှိသည်။

ပထမအမျိုးသမီး ။ ။ ကိုယ့်အမျိုးသားက ကန်ထရိုက်တာလေ။
ဒုတိယအမျိုးသမီး ။ ။ ဟုတ်လား. . ကောင်းတာပေါ့။
ပထမအမျိုးသမီး ။ ။ ဒါကြောင့်··ငါကတော့နေ့တိုင်းဈေးဖိုးအပြင် ရှော့ပင်းထွက်ဖို့လည်း ပိုက်ဆံတောင်းတယ်လေ။
ဒုတိယအမျိုးသမီး ။ ။ ဟုတ်လား. . ဘယ်လောက်တောင်းလဲ။
ပထမအမျိုးသမီး ။ ။ တနင်္လာနေ့ဆိုရင် ဒေါ်လာ ၁၀၀၀ တောင်းတယ်။
ဒုတိယအမျိုးသမီး ။ ။ နောက်နေ့တွေရောတောင်းတာပဲလား။
ပထမအမျိုးသမီး ။ ။ အင်း·· နောက်နေ့တွေတော့ တဖြည်းဖြည်းလျှော့တောင်းတာပေါ့··ဒေါ်လာ ၈၀၀၊ ဒေါ်လာ ၇၀၀၊ ဒေါ်လာ ၅၀၀ ပေါ့။
ဒုတိယအမျိုးသမီး ။ ။ ဟယ်. . အဲဒီတော့. . ငွေတွေအများကြီး စုမိနေတာပေါ့။
ပထမအမျိုးသမီး ။ ။ ငွေမစုမိပါဘူးဟယ်··။
ဒုတိယအမျိုးသမီး ။ ။ ဘာဖြစ်လို့လဲ. . ငွေတွေအကုန်သုံးပစ်တာလား။
ပထမအမျိုးသမီး ။ ။ မဟုတ်ပါဘူး··ငါတောင်းတိုင်းသူက တစ်ခါမှမပေးဘူးလေ။
ဒုတိယအမျိုးသမီး ။ ။ "ဟယ်"။

ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား

အာရှဒေသ သဘာဝဘေးကြိုတင်ကာကွယ်ရေးဗဟိုဌာနအဖွဲ့ တွေ့ဆုံ

နေပြည်တော် ဇွန် ၁၂

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ထိုင်းနိုင်ငံအခြေစိုက် အာရှဒေသ သဘာဝဘေး ကြိုတင်ကာကွယ်ရေးဗဟိုဌာနမှ အကြီးအကဲ Mr. N.M.S.I Arambepola ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းတည့် ၁၂နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံခဲ့ပြီး**(ယာပုံ)** မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းဒေသများတွင် သဘာဝ ဘေးအန္တရာယ်များဖြစ်သည့် ဆူနာမီ၊ မုန်တိုင်းနှင့် လှိုင်းလုံးကြီးများ အန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အချိန်နှင့် တစ်ပြေးညီ သတင်းအချက်အလက်များ ထုတ်ပြန်နိုင်ရေးကူညီဆောင်ရွက်ပေးမည့်အစီအစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းထွန်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် အာဆီယံ အတွင်းရေးမှူးရုံးတို့ ပူးပေါင်းကျင်းပသည့် (၂၂) ကြိမ်မြောက် အာဆီယံသဘာဝ ဝန်းကျင်နှင့် ဇီဝမျိုးစုံ မျိုးကွဲများ လုပ်ငန်းအဖွဲ့ အစည်းအဝေးတွင် အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အာဆီယံဒေသသည် အပင်သတ္တဝါ မျိုးစိတ် ၂၀ ရာခိုင်နှုန်း တည်ရှိရာဒေသဖြစ် ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝသော နိုင်ငံများအဖြစ် ဆက်လက်ရပ်တည်နိုင်ရန် အချင်းချင်းကြား နားလည်မှုတည်ဆောက်ပြီး အပြန်အလှန် ဝိုင်းဝန်းထိန်းသိမ်း

နေပြည်တော် ဇွန် ၁၂

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် အာဆီယံ အတွင်းရေးမှူးရုံးတို့ ပူးပေါင်းကျင်းပသည့် (၂၂) ကြိမ်မြောက် အာဆီယံ သဘာဝဝန်းကျင်နှင့် ဇီဝမျိုးစုံ မျိုးကွဲများ လုပ်ငန်းအဖွဲ့အစည်းအဝေးကို ယနေ့ နံနက် ၈နာရီခွဲတွင် နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း တက်ရောက်၍ အဖွင့်အမှာ စကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် မြန်မာနိုင်ငံသည် အာဆီယံ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ချိန်မှစပြီး ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးလုပ်ငန်း များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိ ကြောင်း၊ ယနေ့ကျင်းပသည့် ဆွေးနွေးပွဲ သည် ဒုတိယအကြိမ်မြောက် အိမ်ရှင် အဖြစ် လက်ခံကျင်းပခွင့်ရရှိခြင်းဖြစ်ပြီး (၁၂)ကြိမ်မြောက် AWGNCP အစည်း အဝေးကိုလည်း (၂၀၀၂)ခုနှစ်၌ ပထမ အကြိမ် အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိခဲ့ပါ ကြောင်း၊ မြန်မာနိုင်ငံအပါအဝင် အာဆီယံ ဒေသတွင်း နိုင်ငံများ၏ပထဝီအနေ အထားအရ ဇီဝမျိုးစုံ မျိုးကွဲများ တည်ရှိ မှုတွင် ကွဲပြားခြားနားမှုအနည်းငယ်သာ ရှိပြီး အာဆီယံနိုင်ငံများ၏ဧရိယာသည် ကမ္ဘာ့ဧရိယာစုစုပေါင်း၏ ၃ ဒသမ ၃ ရာခိုင်နှုန်းရှိသည်ကိုလည်း တွေ့ရှိရမည် ဖြစ်ကြောင်း၊ အာဆီယံဒေသသည် အပင် သတ္တဝါမျိုးစိတ် ၂၀ ရာခိုင်နှုန်း၏ မှီခို တည်ရှိရာဒေသဖြစ်ပြီး ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် အဓိကရေရှည် အကျိုးရှိစေသည့် ဒေသတစ်ခုဖြစ်ပါ ကြောင်း၊ မတူကွဲပြားခြားနားသည့် ဘူမိ ရုပ်သွင်များ တည်ရှိသည့်အတွက်ကြောင့် လည်း အာဆီယံဒေသသည် ကမ္ဘာပေါ် တွင် အကြီးမားဆုံး ဇီဝမျိုးစုံ မျိုးကွဲများ တည်ရှိရာ ထိန်းသိမ်းစောင့်ရှောက်မှု အကောင်းဆုံးနေရာဟု တင်စားကြခြင်း ဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင်ရှိသည့် ရှားပါး သောသန္တာကျောက်တန်း၏ သုံးပုံတစ်ပုံ ကိုလည်း တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အာဆီယံဒေသအတွင်းနိုင်ငံ များအနေဖြင့် ဇီဝမျိုးစုံမျိုးကွဲ ကြွယ်ဝသော နိုင်ငံများအဖြစ် ဆက်လက်ရပ်တည် နိုင်ရန် အချင်းချင်းကြား နားလည်မှု တည်ဆောက်ပြီး အပြန်အလှန် ဝိုင်းဝန်း ထိန်းသိမ်းရန် လိုအပ်ပါကြောင်း။

ယနေ့ဆွေးနွေးပွဲ၏ အဓိကရည်ရွယ် ချက်မှာ (၂၀၀၉-၂၀၁၅) အာဆီယံ လူမှု-ယဉ်ကျေးမှု အဖွဲ့အစည်း ASCC Blue - Print ပါ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ အာဆီယံဒေသတွင်း တွင် ချမှတ်ထားသည့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး လုပ်ငန်းတိုးတက်မှုများနှင့် မိမိတို့ကိုယ်တိုင် အသိစိတ်ဓာတ်ရှိရှိ ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပူးပေါင်း ပါဝင်ဆောင်ရွက်မှုများကို ချပြဆွေးနွေး ကြမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက ဇီဝမျိုးစုံ မျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်သည့် လုပ်ငန်းများကို တစိုက်မတ်မတ် ဆောင် ရွက်ခဲ့ရာ ၁၉၂၀ ခုနှစ်တွင် ပထမဆုံး သဘာဝထိန်းသိမ်းရေးနယ်မြေကို ဖွဲ့စည်း တည်ထောင်နိုင်ခဲ့ကြောင်း၊ ၁၉၈၁ ခုနှစ်မှ ၁၉၈၄ ခုနှစ်များအတွင်း နိုင်ငံတော် အစိုးရနှင့် UNDP တို့ ပူးပေါင်း၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အတွက် အမျိုးသားဥယျာဉ် တည်ဆောက် ရေးစီမံကိန်းများကို အကောင်အထည် ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့အပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တော ရေးရာဝန်ကြီးဌာနတွင် သဘာဝပတ်ဝန်း ကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်း ရေးဌာနခွဲတစ်ခု သီးခြားဖွဲ့စည်းထားခဲ့ပြီး သဘာဝပတ်ဝန်းကျင်နှင့် သားငှက် တိရစ္ဆာန်လုပ်ငန်းများကို တစိုက်မတ်မတ် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယခုအချိန် အထိ နိုင်ငံဧရိယာ စုစုပေါင်း၏ ၅ ရာခိုင် နှုန်းကို သဘာဝနယ်မြေအဖြစ် ဖွဲ့စည်း နိုင်ခဲ့ပြီး နိုင်ငံဧရိယာ၏ ၁၀ရာခိုင်နှုန်း အထိ တိုးချဲ့ဖွဲ့စည်းရန် ဆောင်ရွက်လျက် ရှိပါကြောင်း၊ ကွဲပြားခြားနားသည့် ဂေဟ စနစ်တို့ကိုအခြေခံပြီး နိုင်ငံဧရိယာ၏ ၅ ဒသမ ၆ရာခိုင်နှုန်းကို သဘာဝထိန်းသိမ်း ရေးနယ်မြေ ၃၆ခုဖြင့် ဖွဲ့စည်း တည် ထောင်ခဲ့ပြီး နိုင်ငံဧရိယာ၏ ၁ ဒသမ ၀၇ ရာခိုင်နှုန်း ကျယ်ဝန်းသည့် နယ်မြေ(၇)ခု တွင်လည်း သဘာဝနယ်မြေအဖြစ် ဖွဲ့စည်း ထိန်းသိမ်းရန် စီစဉ်ဆောင်ရွက်ပြီး ဖြစ်သဖြင့် သဘာဝထိန်းသိမ်းရေး နယ်မြေဧရိယာ နိုင်ငံဧရိယာ၏ ၆ ဒသမ ၇ ရာခိုင်နှုန်းအထိ ဖြစ်လာမည်ကို အသိ ပေးပြောကြားလိုပါကြောင်း။

အာဆီယံဒေသတွင်း၌ ဇီဝမျိုးစုံ ကြွယ်ဝမှုကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်ရန်အတွက် ပြဿနာများစွာ ကြုံတွေ့နေရကြောင်း၊ သစ်တောများ လျော့နည်းပျက်စီး ပြုန်းတီးမှုဖြစ်စဉ်၊ သစ်တောမီးလောင်ကျွမ်းမှု၊ မျိုးစိတ်များ လျော့နည်းလာမှု၊ တောရိုင်းတိရစ္ဆာန် များ တရားမဝင်ရောင်းဝယ်ဖောက်ကား မှု၊ မျိုးစိတ်များ တရားမဝင်နယ်စပ် ဖြတ်ကျော်မှုစသည့် ပြဿနာများကို ဒေသတွင်းနိုင်ငံများကြား၌ ဦးစားပေး အစီအစဉ်အလိုက် ရေးဆွဲအကောင် အထည်ဖော်ဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ပါကြောင်း။

ပူးပေါင်းဆောင်ရွက်

ဆွေးနွေးပွဲက ရရှိလာမည့် ရလဒ် များသည် (၂၀၀၆-၂၀၀၇) ခုနှစ်တွင် ရေးဆွဲခဲ့သည့် ASCC (အာဆီယံလူမှု-ယဉ်ကျေးမှုအဖွဲ့အစည်း) သဘောတူညီ ချက်များကို အောင်မြင်စွာ အကောင် အထည်ဖော်ရန် အထောက်အပံ့ ဖြစ်စေ ပြီး သဘာဝဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးလုပ်ငန်းများတွင် ဒေသ တွင်း နိုင်ငံအချင်းချင်း ပိုမိုပူးပေါင်း ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာသည့် နိုင်ငံများမှ ကိုယ်စားလှယ်များသည် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ လုပ်ငန်းအဖွဲ့အစည်း အဝေးကိုကျင်းပရာ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ တက်ရောက်လာသူများက ဆွေးနွေးကြပြီး အစည်းအဝေး ပထမနေ့ အစီအစဉ်ကို ညနေပိုင်းတွင် ရပ်နားလိုက် သည်။

အစည်းအဝေးကို ဇွန် ၁၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရှိ ရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း

ဖောင်ပိတ်အားကစားသတင်း

ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲ အုပ်စု(က) ဒုတိယပွဲစဉ် ချက်က ဂရိကို နိုင်ပွဲရရှိ

အာကာဟိန်း - ရေးသားသည်

ဝါဆော ဇွန် ၁၂

ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲ၏ အုပ်စု(က) ဒုတိယပွဲစဉ်အဖြစ် ဂရိနှင့် ချက် အသင်းတို့ ပိုလန်နိုင်ငံ ဝါရို ကလောမြို့ရှိ မီဂျအကီအားကစားရုံ၌

ဇွန် ၁၂ ရက်က ယှဉ်ပြိုင်ကစားရာ ချက်တို့က ဂရိကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ **(အပေါ်ပုံ)**

ယခုပွဲကို ကွင်းလယ်ဒိုင်လူကြီး အဖြစ် ပြင်သစ်နိုင်ငံသား စတီဖန်လန် နွိုင်က တာဝန်ယူကြီးကြပ်ခဲ့သည်။ ဂရိအသင်းကို နည်းပြ ဖာနန်ဒိုဆန် တို့စ်က ၄း၃း၃ ပုံစံ ဖြင့် ပွဲထွက်စေခဲ့ပြီး ချက်အသင်းအား နည်းပြ ဘီလက်က ၄း၂း၃း၁ အခင်းအကျင်းဖြင့် ရင်ဆိုင်ခဲ့ သည်။

ချက်အသင်း ပွဲအစမှာပင် လျင်လျင်မြန်မြန် ထိုးဖောက်ကစားခဲ့ရာ ပွဲချိန် ၃ မိနစ်၌ တောင်ပံကစားသမား ဂျီရာဆက်က ဂရိဂိုးဧရိယာအတွင်း ထိုးဖောက်လာပြီး ဘယ်ခြေဖြင့် အပိုင် ကန်သွင်းယူခဲ့သဖြင့် ချက်တို့ အဖွင့်ဂိုး စောစီးစွာ ရရှိခဲ့သည်။

ချက်အသင်း ဆက်တိုက်ထိုး ဖောက်ကစားခဲ့ရာ ဂရိနောက်တန်း မဟန့်တားနိုင်ဘဲဖြစ်နေရာမှ ပွဲချိန် ၆ မိနစ်၌ ဂရိဂိုးသမား ချာလ်ကီအက်စ် လက်အောက်မှ လျှံထွက်လာသော ဘောလုံးမှာ ချက်အသင်းမှ ပီလာနှင့် ထိကာ ဂိုးဝင်ခဲ့သဖြင့် ချက်တို့ ဒုတိယဂိုး ဆက်တိုက်ရရှိခဲ့ပြန်သည်။ ထို့ကြောင့် မိနစ် ၂၀ ၌ ဂရိဂိုးသမား ချာလ်ကီ အက်စ်အား ဒုတိယဂိုးသမားနှင့် အစား ထိုး ဂိုးဖမ်းစေခဲ့သည်။

နှစ်ဂိုးပေးလိုက်ရပြီးနောက် ဂရိတို့ ကစားကွက်ပြန်ထိန်းကာ တန်ပြန်တိုက် စစ်မှုတစ်ဆင့် ချေပဂိုးရရှိရေး ကြိုးစားခဲ့ သော်လည်း ဂရိတိုက်စစ်မှူးများ လူကျွံ ဘောဖြစ်မှု၊ ဆန္ဒစောနေမှုများကြောင့် ပထမပိုင်းပွဲချိန်အပြီး၌ ချက်တို့က နှစ်ဂိုး ပြတ်ဖြင့် ဦးဆောင်နေခဲ့သည်။

ဒုတိယပိုင်း ပွဲချိန်အတွင်း ဂရိတို့ ချေပဂိုးရရှိရေးကြိုးစားခဲ့ရာ ပွဲချိန် ၅၃ မိနစ်၌ ချက်နောက်ခံလူအမှားကြောင့် ဂိုးသမား ပီတာချက် ကာကွယ်မှုမှ လျှံထွက်လာသောဘောလုံးကို ဂရိမှ လူစားဝင်လာသည့် ဂီဘက်က ဂိုး ဧရိယာအတွင်းမှ ဘယ်ခြေဖြင့်ကန်သွင်း ယူခဲ့သဖြင့် ဂရိတို့ ချေပဂိုး တစ်ဂိုး ပြန်လည်ရရှိခဲ့သည်။

ဂရိတို့ ချေပဂိုးရရှိရေး အကြိမ် ကြိမ် ထိုးဖောက်ကစားခဲ့သော်လည်း ဂရိ တိုက်စစ်မှူးများ အဆုံးသတ် မသေချာမှုတို့ကြောင့် ပွဲအပြီး၌ ဂရိတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး နှစ်ပွဲကစား တစ်မှတ်သာရ၍ အုပ်စုမှ ထက်ရန် ခက်ခဲသွားပြီဖြစ်သည်။ **(အင်တာနက်)**

တွံတေးမြို့ ကွမ်းခြံအရှေ့ ဗိုလ်ချုပ်လမ်းနေ ဦးအုန်းလှိုင်-ဒေါ်လှလှရီ (အုတ်-သဲ-ကျောက်) ရောင်းဝယ်ရေးမိသားစုမှ တွံတေးမြို့ မိဘဂုဏ် ဘိုးဘွားရိပ်သာတွင် အသုံးပြုရန် စတီးခုတင်အတွက် အလှူငွေကျပ် ခြောက်သိန်းလျှဒါန်းရာ အလုပ်အမှုဆောင်ဥက္ကဋ္ဌ ဦးတင်လှိုင် လက်ခံယူစဉ်။ (၀၀၉)

ဇွန် ၉ ရက်က ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်တွင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ဝန်ထမ်းသားသမီးများအား ပညာသင် အထောက်အကူပြုပစ္စည်းများပေးအပ်ပွဲကို မြို့နယ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်စိုး ဝန်ထမ်းသားသမီးများအား ထောက်ပံ့ပေးအပ် စဉ်။ (၁၂၂)

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဇွန် ၁၂

ဇွန် ၁၂ ရက် ည ၁၁ နာရီ ၃၃ မိနစ် ၅၄ စက္ကန့်အချိန်တွင် မန္တလေး မြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၁၆၃ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (မော်လိုက်မြို့၏ အနောက်မြောက်ဘက် ၈ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၄ ဒသမ ၇အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင် တစ်ခုလှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်းနှင့်အဖွဲ့ဝင်များ စစ်တွေမြို့နယ် ရပ်ကွက်၊ ကျေးရွာများမှ အစ္စလာမ်ဘာသာဝင် ရပ်မိရပ်ဖများအား ခေါ်ယူတွေ့ဆုံ

နေပြည်တော် ဇွန် ၁၂

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးလှမောင်တင်နှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုနိုင်တို့သည် စစ်တွေမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ အစ္စလာမ်ဘာသာဝင် ရပ်မိရပ်ဖများအား ယနေ့နံနက် ၉ နာရီခွဲတွင် စစ်တွေမြို့ ဗန္ဓုလရိပ်သာသို့ ခေါ်ယူတွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဒေသတည်ငြိမ်အေးချမ်းရေး၊ မိမိနေအိမ်များ၌ အမြန်ဆုံး ပြန်လည်နေထိုင်နိုင်ရေး၊ စားဝတ်နေရေးကိစ္စများအတွက် နိုင်ငံတော်အစိုးရ၏စီမံမှုဖြင့် ပြည်နယ်အစိုးရအဖွဲ့က စီစဉ်ဆောင်ရွက်လျက်ရှိမှုများ၊ တစ်ဦးနှင့်တစ်ဦး ရန်မီးမပွားဘဲ အတူတကွအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရမည့် လုပ်ငန်းများကို မှာကြားကြသည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဦးဘုန်းဆွေက နေရေး၊ စားရေး အခက်အခဲရှိနေသူများအတွက် လတ်တလောနှင့်ရေရှည် အကောင်းဆုံးဖြစ်ရေးဆောင်ရွက်ပေးသွားမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အစ္စလာမ်ဘာသာဝင် ရပ်မိရပ်ဖများက တွေ့ကြုံခဲ့ရသည့် အခက်အခဲများ၊ ဖြည့်ဆည်းပေးရန် လိုအပ်သည်များနှင့် အားပေးစောင့်ရှောက်မှုများအတွက် ကျေးဇူးတင်စကားများ ပြောကြားကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးလှမင်းနှင့် အဖွဲ့ဝင်များသည် အစ္စလာမ်ဘာသာဝင်များစုစည်းနေထိုင်ကြသည့် နေရာများကို သွားရောက်ကြည့်ရှုစစ်ဆေးအားပေးကြရာ ရှေးဦးစွာ စစ်တွေမြို့နယ် စက်ရုံစုရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းခွဲ၌ အစ္စလာမ်ဘာသာဝင်များအား နှုတ်ဆက်အားပေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က တာဝန်ရှိသူများထံ ဆန်အိတ်များနှင့် ခေါက်ဆွဲခြောက်ထုပ်များ ပေးအပ်ကြသည်။

ထိုမှတစ်ဆင့် ရဲန္တယ်စုရပ်ကွက်၌ အစ္စလာမ်ဘာသာဝင်များ၏ စုစည်းနေထိုင်မှုများကိုကြည့်ရှု၍ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့သည် သဲချောင်းကျေးရွာ၌ အစ္စလာမ်ဘာသာဝင်များနှင့် တွေ့ဆုံ၍ နယ်မြေဒေသအေးချမ်းရေး၊ မိမိနေအိမ်များသို့ ပြန်လည်သွားရောက်နေထိုင်နိုင်ရေး၊ မိုးကျလာတော့မည်ဖြစ်၍ လယ်ယာလုပ်ငန်းအပါအဝင် မိမိတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရေး၊ ယင်းသို့ မနေထိုင်နိုင်မီ ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် လတ်တလောနှင့်ရေရှည် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က ဆန်အိတ်များနှင့် ခေါက်ဆွဲခြောက်ထုပ်များကို တာဝန်ရှိသူများသို့ ပေးအပ်ကြသည်။

ယင်းနောက် ရပ်မိရပ်ဖများက ကျေးဇူးတင်စကားပြန်လည်ပြောကြားကြသည်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်းနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင် စစ်တွေမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ အစ္စလာမ်ဘာသာဝင် ရပ်မိရပ်ဖများအား စစ်တွေမြို့ ဗန္ဓုလရိပ်သာ၌ တွေ့ဆုံစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုရှိအောင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိ လူနေအိမ်များအား မီးရှို့ရန်ကြိုးပမ်းခြင်း၊ တစ်ဖက်နှင့်တစ်ဖက် ရန်စောင်ခြင်းများ လုပ်ဆောင်နေသည့်အတွက် တာဝန်ရှိသူများက ဥပဒေနှင့်အညီ ထိန်းသိမ်းအရေးယူ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၁၂

ရခိုင်ပြည်နယ်အတွင်း ပြည်သူများ၏ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းစွာနေထိုင်နိုင်ရေးတို့အတွက် နိုင်ငံတော်က ဇွန် ၁၀ ရက်တွင် အရေးပေါ်အခြေအနေ ကြေညာ၍ ထိန်းသိမ်းဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သူများက လူစုလူဝေးဖြင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ဆောင်ရွက်ခြင်း၊ လူနေအိမ်များအား မီးရှို့ရန် ကြိုးပမ်းခြင်း၊ တစ်ဖက်နှင့်တစ်ဖက်ရန်စောင်ခြင်း စသည်တို့ကို တာဝန်ရှိသူများက ဥပဒေနှင့်အညီ ထိန်းသိမ်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

စစ်တွေမြို့နယ် ဗျိုင်းဖြူရွာနှင့် သံထော်လီရွာတို့၌ ဇွန် ၁၁ ရက် မွန်းလွဲ ၁ နာရီ ၂၅ မိနစ်ခန့်တွင် နှစ်ဖက်လူစုလူဝေးအဖွဲ့များ ခိုက်ရန်ဖြစ်ပွားမည့် အခြေအနေကြောင့် မိမိလုံခြုံရေးတပ်ဖွဲ့က သွားရောက်ရှင်းလင်းဆောင်ရွက်ခဲ့ရကြောင်း၊ အလားတူ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်တွင်လည်း အုန်းတပင်ရပ်ကွက်မှ လူစုလူဝေးအဖွဲ့တစ်ဖွဲ့သည် ဗျိုင်းဖြူရွာသို့သွားရောက်ခဲ့သဖြင့် တာဝန်ရှိသူတို့က လူစုခွဲခဲ့ရကြောင်း၊ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်တွင် စစ်တွေမြို့နယ် ဓညဝတီရပ်ကွက်၌ မီးကွင်းဖြင့်အပစ်ခံရသဖြင့် နေအိမ်ခြောက်လုံး မီးလောင်ကျွမ်းခဲ့ကြောင်း၊ ညနေပိုင်းတွင် မကျည်းမြိုင်ရပ်ကွက်ရှိ အဆောက်အအုံတစ်လုံးအား မီးရှို့ရန်ကြိုးပမ်းခြင်း၊ စက်ရုံစုရပ်ကွက်၌ မီးကွင်းပစ်ရန်ကြိုးပမ်းခြင်း၊ ဓညဝတီအကွက်(၇)တွင် မီးကွင်းပစ်ရန် ကြိုးပမ်းခြင်းများကိုလည်း အချိန်မီထိန်းသိမ်းလူစုခွဲခဲ့ရကြောင်း၊ ညနေ ၅ နာရီ မိနစ် ၂၀ ခန့်တွင် ဓညဝတီ(က)နှင့်(ခ)ရပ်ကွက်တို့၌ မီးလောင်ကျွမ်းမှုဖြစ်ပွားသဖြင့် ရဲတပ်ဖွဲ့ကသွားရောက်မီးငြိမ်းသတ်ပြီး လူစုခွဲခဲ့ရကြောင်း၊ ညနေ ၆ နာရီ မိနစ် ၅၀ ခန့်က နာဇီဈေး၌ အင်အား ၄၀၀ ခန့်က ဟစ်အော်ဆူပူမှုများ ကျူးလွန်နေသဖြင့် ထိန်းသိမ်းလူစုခွဲခဲ့ရကြောင်း သိရှိရသည်။

ထို့ပြင် မောင်တောမြို့ ရွာသစ်ကေနှင့် မြို့မအရှေ့ရပ်ကွက်တို့၌ မသမာသူများက မိမိတို့နေအိမ်များကို မိမိတို့ကိုယ်တိုင်မီးရှို့ကြသဖြင့် နေအိမ်ခြောက်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။

အလားတူ ပေါက်တောမြို့ ရပ်ကွက်(၃)၊ (၄) တို့တွင် နှစ်ဖက်အဖွဲ့များ ရုန်းရင်းဆန်ခတ်ဖြစ်မှုကြောင့် နေအိမ်မီးလောင်ဆုံးရှုံးမှုများရှိခဲ့ကြောင်း သိရှိရသည်။

ရခိုင်ပြည်နယ်အတွင်း လတ်တလောရုန်းရင်းဆန်ခတ်ဖြစ်ပွားမှုများကြောင့် ဇွန် ၈ ရက်မှ ၁၁ ရက်အတွင်း လူနေအိမ် ၁၆၆၂လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ လူ ၂၁ ဦးသေဆုံးပြီး ၂၁ ဦးဒဏ်ရာရရှိခဲ့ကြောင်းနှင့် ဆိုင်ကယ် ၁၈ စီး၊ ဆိုင်ခန်းခြောက်ခန်း၊ ထော်လာဂျီသုံးစီး၊ စက်ဘီးကိုးစီး ပျက်စီးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ဗိုလ်မြတ်ထွန်းလမ်းနေ နှစ်ဖက်သောမိဘများအားအမှူးထား၍ ကွယ်လွန်သူဦးမောင်မောင်အားရည်စူးပြီး ဇနီးဒေါ်သီတာဇော်၊ သား မောင်မောင်ရဲဇော်မိသားစုတို့က ထာဝရဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၀ သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ဒေသခံပြည်သူများအတွက် အလှူငွေပေးအပ်

ရန်ကုန် ဇွန် ၁၂

ရခိုင်ပြည်နယ်ဒေသခံပြည်သူများအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမ၌ကျင်းပရာ ထူးဖောင်ဒေးရှင်းမှ အလှူငွေကျပ်သိန်း ၅၀၀၊ မြန်မာ့သြဘာလုပ်ငန်းစုမှ ကျပ်သိန်း ၁၀၀တို့ကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးတင်မိုးကလက်ခံပြီး ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရခိုင်ပြည်နယ်တွင် လတ်တလောဖြစ်ပေါ်နေသော အခြေအနေကြောင့် နေအိမ်နှင့်ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ရသည့် ဒေသခံပြည်သူများအတွက် မနောအလှတေးဂီတအဖွဲ့ကိုယ်စား အဖွဲ့ဝင်ကိုယ်စားလှယ် နှစ်ဦးက ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးထံသို့ အလှူငွေကျပ် ၁၀သိန်း ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

ရခိုင်ပြည်နယ်တွင် လတ်တလောဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့မှုကြောင့် ပြည်သူများ လတ်တလောရပ်တည်နိုင်ရေးအတွက် အလှူငွေနှင့်စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အဖွဲ့ဝင်များက ငွေကျပ်သိန်း ၅၀ လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒေသခံပြည်သူများအတွက် အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများပေးအပ်

ရန်ကုန် ဇွန် ၁၂

ရခိုင်ပြည်နယ်တွင် လတ်တလောဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့မှုကြောင့် ပြည်သူများ လတ်တလောရပ်တည်နိုင်ရေးအတွက် အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အဖွဲ့ဝင်များက ငွေကျပ်သိန်း ၅၀၊ (Red Link Communication) မှ ငွေကျပ်သိန်း ၅၀၊ ရသာချို ယမ်ယမ်ခေါက်ဆွဲခြောက်ထုပ်လုပ်ငန်းမှ ငွေကျပ် ၂၂၂၀၀၀၀ တန်ဖိုးရှိ ယမ်ယမ်ခေါက်ဆွဲခြောက်ထုပ် ၁၈၀၀၀ ထုပ်၊ ရောဝဏ်စက္ကူပုံနှိပ်နှင့်စာအုပ်ချုပ်လုပ်ငန်း၊ မနောအလှ တေးဂီတအဖွဲ့၊ ပြည့်နိုင်သူကုမ္ပဏီလီမိတက်တို့က အလှူငွေကျပ် ၁၀ သိန်းစီနှင့် ဦးစိမ်းလွင်- ဒေါ်ညွန့်ညွန့်ရီ သမီး မဖြိုးမိသားစုက ငွေကျပ်သုံးသောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးကိုယ်စား မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးကလက်ခံပြီး ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကမ်းရိုးတန်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇွန် ၁၂

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မြစ်ကြီးနားမြို့တွင် ၃ ဒသမ ၈၆ လက်မ၊ ကသာမြို့နှင့် တောင်ငူမြို့တို့တွင် ၀ ဒသမ ၉၈ လက်မစီ၊ ကျောက်ဖြူမြို့၊ ရေးမြို့နှင့် မြိတ်မြို့တို့တွင် ၀ ဒသမ ၉၄ လက်မစီတို့ဖြစ်ကြသည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

"မြန်မာ" ဝေါဟာရ သမိုင်းကြောင်း

ကျော်ဇောအောင်

မြန်မာဟူသောအသုံးအနှုန်းကို ပုဂံခေတ် ကျန်စစ်သားမင်း(အေဒီ ၁၀၈၄-၁၁၁၃)လက်ထက် ခရစ်နှစ် ၁၁၀၂ ခုနှစ်တွင် ရေးထိုးခဲ့သော "ကျန်စစ်သားမင်း၏ နန်းတည်ကျောက်စာ"၌ "မိရ်မာ"ဟူသော ဝေါဟာရသည် မြန်မာကို ရည်ညွှန်းခြင်းဖြစ်ကာ မည်(မွန်)နှင့် တိရိစုလ်(ပျူ) ဝေါဟာရတို့နှင့်တွဲ၍ ပထမဆုံးအကြိမ်အဖြစ် တွေ့ရခြင်းဖြစ်သည်။ ထို့နောက် အေဒီ ၁၁၉၀ ပြည့်နှစ်တွင် ရေးထိုးထားသည့် အမတ်ကြီး သိယ်သူကျောက်စာတွင် "မြန်မာပန်တျာ"ဟူ၍လည်းကောင်း၊ ခရစ်နှစ် ၁၂၃၅ ခုနှစ်တွင်ရေးထိုးသည့် ရတနာကုံထန်ကျောက်စာ၌ "မြန်မာပြည်" ဟူ၍လည်းကောင်း၊ ခရစ်နှစ် ၁၂၄၂ ခုနှစ်တွင်ရေးထိုးသည့် ဖွားစောခေါ် အမိဖုရားစော ကျောက်စာတွင် "သို့အိုမြန်မာ" ဟူ၍ လည်းကောင်း၊ ခရစ်နှစ် ၁၃၆၃ ခုနှစ်တွင် ရေးထိုးသော သက်တော်ရှည်ဘုရားကျောက်စာတွင် "မြံမာရှာတိ"ဟူ၍လည်းကောင်း တွေ့ရှိရသည်။ မြန်မာဝေါဟာရကို ကျောက်စာများတွင် မြံမာ၊ မြံမာပြည်၊မြဟ္မ၊ မြဟ္မာပြည်၊ မြံမပြည်၊ မြံမ္မာပြည်၊ မြမ္မဘာသာစသည်ဖြင့် ပြောင်းလဲရေးထိုးခဲ့ကြောင်း တွေ့ရသည်။

ယနေ့တိုင် သမိုင်းပညာရှင်များ တညီတညွတ်တည်းလက်ခံ၍ ခိုင်လုံသေချာစိတ်ချရသော ကျောက်စာအထောက်အထားများအရ မြန်မာဟူသောဝေါဟာရကို ပုဂံခေတ်မှ စတင်တွေ့ရှိရပြီး ပုဂံခေတ်နောက်ပိုင်းတွင်လည်း ယင်းသို့ပင် ဆက်လက်သုံးနှုန်းခဲ့ကြသည်ကို အထင်အရှားတွေ့ရသည်။ ဤသည်ကို ပုဂံခေတ်နောက်ပိုင်း အင်းဝခေတ် ခရစ်နှစ် ၁၄၈၅ ခုနှစ်တွင် ရေးထိုးသည့်စစ်ကိုင်းရတနာစေတီကျောက်စာ၌ "ရောပန်းရောင်၊ ပေါင်းလောင်း ချင်းတွင်းမြစ်၊ လေးစင်းအခံကညွတ်မျှနေသော ကြည်းတောင်ဖျင်မျှ မြန်မာပြည် "ဟူ၍ လည်းကောင်း၊ ခရစ်နှစ် ၁၅၀၉ ခုနှစ်တွင် ရေးထိုးသည့် ရတနာဗိမာန်ကျောက်စာ၌ "မြောက်တစ်လွှား ကသုနပရန္တ၊ တောင်ဘက်က တမ္ဗဒီပ မည်သော တိုင်းနှစ်တိုင်းကို ကြပ်တိုင်ဖုံးအုပ်၊ အာဏာချုပ်လျက် ပိုက်ထုပ်ရိုက်ရာ သာသနလတည် မြံမာပြည်" ဟူ၍လည်းကောင်း တွေ့ရှိရသည်။ မြန်မာစာပေ ရွှေခေတ်ဟု တင်စားခေါ်ဝေါ်ခဲ့သည့် အင်းဝခေတ်တွင် ကျောက်စာများ၌သာမက ပျို့စာတို့တွင်လည်း တွေ့ရှိနိုင်ပေသည်။ ဤသည်တို့ကို ထောက်ရှုခြင်းအားဖြင့် မြန်မာဟူသော ဝေါဟာရသည် ရေးနည်းသာကွဲသွားမည်။ ဆိုလိုရင်းအဓိပ္ပာယ်သည် အတူတူပင်ဖြစ်သည်ကို သုံးသပ်ရပေသည်။ မြန်မာဟူသောဝေါဟာရကို ဆက်လက်သုံးစွဲခဲ့သည်ကို နှောင်းပိုင်းခေတ်များတွင်လည်း တွေ့နိုင်ပေသည်။

မြန်မာနိုင်ငံတွင် ပထမဦးဆုံးရာဇဝင်ကျမ်းဖြစ်သည့် အင်းဝခေတ် ရွှေနန်းကြော့ရှင် နရပတိ (၁၅၀၁-၁၅၂၇)လက်ထက် ရှင်မဟာသီလဝံသ ရေးသားပြုစုသည့် **ရာဇဝင်ကျော်**တွင် 'မြန်မာမင်းဆက်' အကြောင်းဟု ခေါင်းစဉ်တပ်ထားပြီး စာကိုယ်တွင်လည်း 'ငါတို့ မြန်မာပြည်' ဟု သုံးနှုန်းထားသည်။ ရာဇဝင်ကျော်ပေါ်ထွက်ပြီး နောက်ပိုင်း **ဦးကုလား မဟာရာဇဝင်ကြီး၊ တွင်းသင်းမြန်မာရာဇဝင်သစ်၊ ဓာတာတော်ပုံရာဇဝင်၊ စေတီယကထာမည်သော ရာဇဝင်ချုပ်၊ မှန်နန်းရာဇဝင်တော်ကြီးနှင့် ကုန်းဘောင်ဆက်မဟာရာဇဝင်**တို့တွင်လည်း' မြန်မာ 'အသုံးအနှုန်းများဖြင့် ရေးသားထားသည်ကို တွေ့ရှိရသည်။

ညောင်ရမ်းခေတ်နှောင်းပိုင်း ၁၉ ဇူလိုင် ၁၇၅၁ ခုနှစ်တွင် မြန်မာသံအဖွဲ့သည် တရုတ်နိုင်ငံ ပေကျင်း (Beijing)သို့ ဆိုက်ရောက်လာသည်။ သံတော်တို့ကို ယခင် မင်မင်းဆက်(၁၃၆၈-၁၆၄၄)ကာလတွင် မြန်မာသံအဖွဲ့ နေထိုင်ခဲ့ဖူးသောနေရာ၌ နေရာချထားပေးသည်။ ထိုသံတဲအတွင်းတွင် ရှေးယခင်က မြန်မာတို့ရေးထားခဲ့ဖူးသောစာရှိကြောင်း၊ ၎င်းတို့အတိုင်း တူအောင်ရေးရမည်ဟု ဥတည်ဘွားက အမိန့်တော်ရှိ၍ သံတဲအတွင်း တုပရေးရသည်။ထိုစဉ်အခါ တရုတ်နေပြည်တော်သို့ရောက်လာသော မြန်မာသံအဖွဲ့ဝင်များအား တူအောင်ရေးခိုင်းသော မြန်မာဝေါ ဟာရများမှာ တရုတ်မင်မင်းဆက်ကာလက တည်ရှိခဲ့ဖူးသော " မြန်မာဘာသာသိပ္ပံကျောင်း" (Mien-tien-Kuan/ The Institute of Myanma Language)မှ ကျန်ရစ်ခဲ့သော " မြန်မာဝေါဟာရပေါင်းချုပ်"မှ ဝေါဟာရဖြစ်ကြောင်း ထင်ရှားလေသည်။ မင်မင်းဆက် (Ming Dynasty)ကာလက ရေးသားခဲ့သော Mien-tien ဝေါဟာရကို ကြည့်ပါက ယခုခေတ်မြန်မာကို ခေါ်ဝေါ်နေသော Mian-dian နှင့် ထပ်တူနီးပါး တူညီလျက်ရှိကာ အသံထွက်မှာ " မြိန်တြိန်" ဟူ၍ရသည်။

မြန်မာနိုင်ငံသို့ အနောက်ဥရောပနိုင်ငံသားများ စတင်ရောက်ရှိလာပြီးနောက် ၎င်းတို့က ခရီးသွားမှတ်တမ်းများရေးရာ၌ မြန်မာနိုင်ငံကို (Burmah)၊ မြန်မာလူမျိုးကို (Burman)ဟု သုံးနှုန်းခဲ့ကြသည်။ သို့သော် ၎င်းတို့ရေးသားသည့် မှတ်တမ်းများမှာ အင်္ဂလိပ်ဘာသာဖြစ်၍ 'မြန်မာ၊ ဗမာ'အငြင်းပွားဖွယ်ရာ မရှိပေ။

ဗြဟ္မာကို အိန္ဒိယတိုင်းရင်းသားတို့က "ဗရ်ဟ်မာ" ဟုဖတ်ပြီး အင်္ဂလိပ်တို့က "ဗာရ်မာ" ဟု ဖတ်သည်။ ယင်း ဗာရ်မာဟူသော အင်္ဂလိပ်အရေးမှ တစ်ဆင့် ဗမာဟူ၍လည်း ခေါ်ဝေါ်သည်ကို တွေ့ရပြန်သည်။

မြန်မာနိုင်ငံသို့ ခရစ်ယာန်သာသနာပြုများလည်း ရောက်ရှိလာရာ သာသနာပြုရာတွင် ဘာသာစကား အခက်အခဲရှိလာခဲ့သည်။ ထိုလိုအပ်ချက်ကို ဖြည့်ဆည်းရန် 'အင်္ဂလိပ်-မြန်မာအဘိဓာန်' 'မြန်မာ-အင်္ဂလိပ်အဘိဓာန် ' များ ပြုစုခဲ့ကြသည်။ ထိုသို့ပြုစုရာတွင် အသံထွက်တတ်ရန် အင်္ဂလိပ်စကားလုံးကို မြန်မာအသံထွက် ထည့်သွင်းရသကဲ့သို့ မြန်မာစကားလုံးကိုလည်း 'အင်္ဂလိပ်' အသံထွက်များဖလှယ်ကာ ထည့်သွင်းပြုစုရသည်။ အေဒီ ၁၇၇၆ ခုနှစ်တွင် အီတလီနိုင်ငံ ရောမမြို့၌ ပုံနှိပ်ထုတ်ဝေသော ကာပန် (Carpan)၏ (Alphabetum Barmanorum) စာအုပ်တွင်ဘားမား (Burma)ကို မြန်မာဟု အသံထွက်အမှန်ဖော်ပြရမည့်အစား ဘားမားဟု ဖော်ပြခဲ့သည်။ ထိုနည်းတူ ခရစ်ယာန်သာသနာပြုပုဂ္ဂိုလ် ယုဒသန် (Judson)သည် အေဒီ ၁၈၁၃ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိလာပြီး မြန်မာစာပေ၊ မြန်မာစကားကို သင်ယူလေ့လာခဲ့သည်။ ထိုသို့ သင်ယူလေ့လာပြီးနောက် ၎င်းသည် 'မြန်မာ-အင်္ဂလိပ်အဘိဓာန်' ကို ပြုစုခဲ့သည်။ ထိုအဘိဓာန်ကို ၁၈၂၆ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၌ ပုံနှိပ်ထုတ်ဝေခဲ့သည်။ ထိုအဘိဓာန်တွင်

မြန်မာ a Burma မြန်မာလူ

မြန်မာနိုင်ငံအထက်ပိုင်း n-Upper Burma

မြန်မာဘာသာ n-the Burmese Language ဟုအနက်ပြန်ထားသည်။ ထိုသို့ နိုင်ငံခြားသားတို့က မြန်မာ-အင်္ဂလိပ်အဘိဓာန်များ ပြုစုခဲ့ကြသကဲ့သို့ မင်းတုန်းမင်း၏သားတော်တစ်ပါးဖြစ်သော မက္ခရာမင်းသားကြီးသည် အင်္ဂလိပ်ကုန်သည်များထံမှ အင်္ဂလိပ်စာကို သင်ယူလေ့လာခဲ့ပြီး ၁၈၃၃ ခုနှစ်တွင် 'အင်္ဂလိပ်-မြန်မာအဘိဓာန်'ကို စတင်ပြုစုခဲ့ရာ မစ္စတာချာလိန်း(Mr.Charles Lane)က ကူညီတည်းဖြတ်ပေးခဲ့သည်။ ထိုအဘိဓာန်ကို ၁၈၄၁ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ကလကတ္တားမြို့၌ စတင်ပုံနှိပ်ထုတ်ဝေခဲ့သည်။ ထိုစာအုပ်၏အမှာစာကို မက္ခရာမင်းသားကြီးက မြန်မာဘာသာဖြင့်ရေးပြီး မစ္စတာချာလိန်း (Mr. Charles Lane) က အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့သည်။ ထိုသို့ ပြန်ဆိုရာတွင် မက္ခရာမင်းသားကြီးက ' မြန်မာလူမျိုး ' ဟု ရေးသည်ကို မစ္စတာချာလိန်း (Mr. Charles Lane) က Burman People ဟုလည်းကောင်း၊ 'မြန်မာဘာသာ'ကို Burman Language ဟုလည်းကောင်း ပြန်ဆိုထားသည်။

အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲအပြီး မြန်မာတို့သည် အင်္ဂလိပ်ကိုလိုနီဘဝ ကျရောက်ခဲ့ကြသည်။ ကိုလိုနီခေတ်တွင် မြန်မာတို့ အမျိုးသားစိတ်ဓာတ်များ နိုးကြားလာပြီး ၁၉၀၆ ခုနှစ်တွင် ဝိုင်အမ်ဘီအေ(ခေါ်) ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (Young Men Buddhist Association/ YMBA) တည်ထောင်၍ အမျိုး၊ ဘာသာ၊ သာသနာအတွက် ဆောင်ရွက်ခဲ့ကြသည်။ ထိုအသင်းသည် ၁၉၂၀ ပြည့်နှစ်တွင် ပြည်မြို့၌ အဌမအကြိမ်မြောက် ကွန်ဖရင့်ကျင်းပပြီး ဝိုင်အမ်ဘီအေဟူသော အမည်အစား ဂျီစီဘီအေ (General Council of Burmese Association/ GCBA) မြန်မာအသင်းချုပ်ကြီးဟု အမည်ပြောင်းခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် သခင်ဘသောင်းဦးစီးသည့် တို့ဗမာအစည်းအရုံးပေါ်ပြီးသည့်နောက်ပိုင်းမှစ၍ 'ဗမာပြည်၊ ဗမာ' စသည့်အသုံးအနှုန်းများ တွင်ကျယ်လာခဲ့ပြန်သည်။ ၁ အောက်တိုဘာ ၁၉၃၉ ခုနှစ်တွင် ဗမာ့ထွက်ရပ်ဂိုဏ်းကိုဖွဲ့စည်းသည်။ ၂၇ ဒီဇင်ဘာ ၁၉၄၂ ခုနှစ်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ဖွဲ့စည်းသည်။ ဂျပန်ခေတ် (၁၉၄၂-၄၅)ခုနှစ်တွင် 'ဗမာနိုင်ငံတော်၊ ဗမာအမျိုးသား' အသုံးအနှုန်းများ တွင်ကျယ်ခဲ့သည်။ ဂျပန်ခေတ်တွင် ဗမာနိုင်ငံတော်အုပ်ချုပ်ရေး၊ စည်းမျဉ်းဥပဒေရေးဆွဲသည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးပြီးသည့်နောက် အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို ပြန်လည်သိမ်းပိုက်ခဲ့သည်။ ဖဆပလမှ ဦးဆောင်၍ မြန်မာ့လွတ်လပ်ရေးရရန် ကြိုးပမ်းခဲ့ရာ ၁၉၄၇ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (The Constitution of Union of Burma) ရေးဆွဲနိုင်ခဲ့သည်။ ၄ ဇန်နဝါရီ ၁၉၄၈ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ (The Union of Burma) ပေါ်ထွန်းလာခဲ့သည်။ ထို့နောက် ဖဆပလခေတ်၊ တော်လှန်ရေးကောင်စီခေတ် စသည့်ခေတ်များ ဖြတ်သန်းလာပြီးနောက် ၁၉၇၄ ခုနှစ်တွင် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (The Constitution of Socialist Republic of the Union of Myanmar) ပေါ်ပေါက်လာခဲ့သည်။ ထိုဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂ မတ် ၁၉၇၄ ခုနှစ်တွင် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံ (The Socialist Republic of the Union of Myanmar) ပေါ်ပေါက်လာခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် မြန်မာနိုင်ငံ၏ အခြေအနေများ ယိုယွင်းလာမှုကြောင့် ၁၈ စက်တင်ဘာ ၁၉၈၈ ခုနှစ်တွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က နိုင်ငံတော်တာဝန်ကို ယူခဲ့သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက် ၁၈ ဇွန် ၁၉၈၉ ခုနှစ်တွင် နိုင်ငံတော်အစိုးရက နိုင်ငံတော်သီချင်းတွင် ပါဝင်သော 'ဗမာ'ဆိုသည့် စကားရပ်ကို တိုင်းရင်းသားအားလုံးကို ရည်ညွှန်းသည့် 'မြန်မာ'ဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်ပြောင်းလဲခဲ့သည်။ ထိုနေ့တွင်ပင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေ ၁၆/ ၈၉ အရ စကားရပ်များ ပြောင်းလဲသတ်မှတ်သည့် ဥပဒေကို ထုတ်ပြန်သည်။ ထိုဥပဒေအရ 'Union of Burma' အစား 'The Union of Myanmar,' Burma (သို့မဟုတ်) Burman (သို့မဟုတ်) Burmese အစား Myanmar ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရလျှင် ပုဂံခေတ်မှ ကုန်းဘောင်ခေတ်အထိ **မြန်မာ** ဟူသော ဝေါဟာရသည် နိုင်ငံနှင့်လူမျိုးကို ရည်ညွှန်းသည်။ သို့သော် မြန်မာနိုင်ငံသို့ ခရစ်ယာန်သာသနာပြုများနှင့် အနောက်နိုင်ငံသားများ ရောက်ရှိလာရာ မြန်မာနိုင်ငံကို ခေါ်ဝေါ်သုံးစွဲရာတွင် ဘားမား Burmah ဟု သုံးစွဲပြီး မြန်မာလူမျိုးကို ဘားမင်း Burman ဟု သုံးစွဲခဲ့ကြသည်။ ထို့နောက် ၁၉၃၀ ပြည့်နှစ်တွင် တို့ဗမာအစည်းအရုံးပေါ်ပေါက်လာသောအခါ 'ဗမာပြည်'၊ 'ဗမာ' အသုံးအနှုန်းများ တွင်ကျယ်လာခဲ့သည်။ သို့စေကာမူ မြန်မာနိုင်ငံလွတ်လပ်ရေးရချိန်မှစ၍ နိုင်ငံနှင့်လူမျိုးကို ' မြန်မာ' ဟု တစ်သမတ်တည်း သုံးစွဲခဲ့သည်။ ယခင်က 'မြန်မာ'၊ 'ဗမာ' မည်သို့ပင် အသုံးအနှုန်းများရှိစေကာမူ ယနေ့အချိန်တွင် ပကတိအရှိတရားများနှင့်ကိုက်ညီသော **မြန်မာ** ဟူသည့် အသုံးအနှုန်းကို တရားဝင်ပြောင်းလဲသုံးစွဲနေပြီဖြစ်သည်။ ထို့ကြောင့်နိုင်ငံသူ၊ နိုင်ငံသားများသည် သမိုင်းအထောက်အထားခိုင်မာပြီး ပကတိအရှိတရားများနှင့်ကိုက်ညီသော ' မြန်မာနိုင်ငံ ' ' မြန်မာပြည်သူ' အဖြစ် ဂုဏ်ယူဝင့်ကြွားစွာ တန်ဖိုးထားသုံးစွဲကြရမည်သာဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

၂၀၁၂ ခုနှစ် ကမ္ဘာ့သွေးလှူရှင်များနေ့

ဇွန်လ (၁၄) ရက်နေ့

World Blood Donor Day 2012

14 June

" မြင့်မြတ်ဖြူစင်သွေးလှူရှင် "

ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း မြိုင်မြို့နယ် ပြည်သူ့ဆေးရုံ၌ မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေးမှု ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၁၂

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းသည် ဇွန် ၁၁ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ပြည်သူ့ဆေးရုံ၌ မျက်စိရောဂါဝေဒနာရှင်များ အခမဲ့ခွဲစိတ်ကုသပေးနေမှု သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် မြိုင်မြို့နယ် အောင်သုခကျေးရွာ၌ကျင်းပသည့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်၍ လုမ္ဗိနီအင်ကြင်းပင်များ စိုက်ပျိုးပေးပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာနှင့် အင်ဂျင်နီယာချုပ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကျေးရွာရပ်မိရပ်ဖများနှင့် ကျောင်းသား ကျောင်းသူများက လုမ္ဗိနီအင်ကြင်းပင်၊ ကုံ့ကော်ပင်၊ ခရေပင်၊ ငုဝါပင်၊ ပျဉ်းမပင်၊ ပိတောက်ပင်၊ စိန်ပန်းပင်၊ရေတမာပင်နှင့် မဟော်ဂနီပင်များ စုစုပေါင်းပျိုးပင် ၈၀၀ကျော်အား စိုက်ပျိုးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အောင်သုခကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် စာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် မြိုင်မြို့နယ် လယ်ယာကုန်ထုတ်လုပ်မှုတိုးတက်ရေးအစုအဖွဲ့များက သီးနှံများရိတ်သိမ်းရောင်းချပြီး အစုအဖွဲ့အလိုက် စုဆောင်းရရှိငွေများကို ကျေးရွာများအလိုက် မတည်ရင်းနှီးငွေထုတ်ပေးသည့် အခမ်းအနားသို့ တက်ရောက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

ဇွန် ၁၂ ရက်က ရုရှား ဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ် ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်အား မြန်မာနိုင်ငံဆိုင်ရာ ရုရှား ဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး**Dr. Mikhail MGELADZE** ဆီဒိုးနား ဟိုတယ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တောင်သူလယ်သမားများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့်အနေဖြင့် စပါးသီးနှံ စိုက်ပျိုးစရိတ်ချေးငွေအား တစ်ဧကလျှင် ကျပ် ၅၀၀၀၀ နှုန်း တိုးမြှင့်သတ်မှတ်

ယခု ၂၀၁၂ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီကာလတွင် တောင်သူလယ်သမားများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့်အနေဖြင့် စပါးသီးနှံအပေါ် တစ်ဧကလျှင် ကျပ် ၅၀၀၀၀ နှုန်းဖြင့် တိုးမြှင့်သတ်မှတ်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးသွားမည် ဖြစ်ပါသည်။

ယခင် စိုက်ပျိုးစရိတ်ထုတ်ယူထားခဲ့သည့် ချေးငွေများကို အကျေပြန်လည်ပေးဆပ်ပြီးဖြစ်သည့် တောင်သူလယ်သမားများကို ယခုမိုးစပါးစိုက်ပျိုးရာသီတွင် စိုက်ပျိုးစရိတ်တစ်ဧက ကျပ် ၅၀၀၀၀ နှုန်းဖြင့် ထုတ်ချေးသွားမည် ဖြစ်ပါသည်။

စိုက်ပျိုးစရိတ်ချေးငွေများ ပြန်လည်ပေးဆပ်ရန် ကျန်ရှိနေသေးသော တောင်သူလယ်သမားများအနေဖြင့်လည်း မိမိတို့ပေးဆပ်ရန် တာဝန်ရှိသည်များကို အမြန်ပြန်လည်ပေးဆပ်သွားနိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီး၏ မြို့နယ်များအလိုက် နှိုးဆော်ကြပ်မတ်ဆောင်ရွက်ပေးသွားနိုင်ရန် ကြေညာအပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကွင်းဆင်းဆောင်ရွက်

မြောက်ဥက္ကလာပမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းအေးနှင့်ဝန်ထမ်းများ မိုးပွင့်အဆင့်(၃)စီမံချက်အရ ဇွန် ၈ ရက်က (၄)ရပ်ကွက်နေ ပြည်သူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။(၁၆၈)

အခြေခံပညာမူလတန်းကျောင်းဆောင်သစ် ညောင်ဦး၌ဖွင့်

ညောင်ဦး ဇွန် ၁၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ညောင်ပင်သာကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ဇွန် ၃ ရက် နံနက် ၉ နာရီကကျင်းပသည်။

ရှေးဦးစွာ ညောင်ပင်သာကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ အလှူရှင် ဒေါ်မြင့်လှိုင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်လက်ထောက်ပညာရေးမှူး ဦးစိန်လှက ကျောင်းဆောင်သစ်နှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောင်းဆောင်သစ် အလှူရှင် ရန်ကုန်မြို့နေ ဦးဝင်းဦး(ခ) ဦးဝင်းထက်က အခြေခံပညာမူလတန်းကျောင်းအဆောက်အအုံသစ်ကို ပညာရေးဌာနသို့လွှဲပြောင်းပေးအပ်ကာ ကျောင်းအဆောက်အအုံလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားခဲ့ကြောင်း သိရှိရသည်။ **(ပညာရေး)**

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်လေး မြောက်ရပ်ကွက်၊ ဒေါ်သိန်းတင်လမ်း၊ အမှတ်(၈၄-က)တွင် ပါတီရုံးချုပ်တည်ရှိသော **မြန်မာအမျိုးသားကွန်ဂရက်ပါတီ** က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၈(ခ) နှင့် နည်းဥပဒေ ၁၄(ဂ)တို့ဖြင့် ညွှန်ကြားချက်အရ ယင်းပါတီ၏အလံနှင့် တံဆိပ်တို့ကို အောက်ဖော်ပြပါအတိုင်း ပြင်ဆင်အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းပါတီက ပြင်ဆင်အသုံးပြုမည့် ပါတီအလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

မြန်မာအမျိုးသားကွန်ဂရက်ပါတီ၏ အလံပုံစံ

မြန်မာအမျိုးသားကွန်ဂရက်ပါတီ၏ တံဆိပ်ပုံစံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မင်းကင်းမြို့၌ အလကကျောင်း(ခွဲ)ဖွင့်ပွဲကျင်းပ

မင်းကင်း ဇွန် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် လောင်းပြည့်ကျေးရွာတွင် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၅ ရက် နံနက် ၈ နာရီက အဆိုပါကျောင်း၌ကျင်းပရာ တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်း၊ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မွေးလွင်၊ လက်ထောက် ပညာရေးမှူး ဦးမြင့်သန်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမင်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းဆိုင်းဘုတ်ကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးနေလင်းထွန်းက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးနှင့် မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့်လက်ထောက်ပညာရေးမှူးတို့က အမှာစကားပြောကြားကြပြီး ကျောင်းအုပ်ဆရာကြီးဦးဟန်သိန်းက ကျောင်းနှင့်ပတ်သက်သော သမိုင်းကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့်စေတနာရှင်ပြည်သူများက ကျောင်းအတွက် အလှူငွေကျပ် စုစုပေါင်း ငါးသိန်းငါးသောင်းကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(ပညာရေး)**

အဆင့်မြင့်လက်တွေ့အသုံးချ ဆေးဝါးစီမံခန့်ခွဲမှု သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇွန် ၁၂

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၃-၆-၂၀၁၂ရက်မှ ၂၄-၆-၂၀၁၂ရက်အထိ နေ့စဉ် ၀၉း၃၀နာရီမှ ၁၆း၃၀နာရီ ရုံးဖွင့်ရက်အတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက် ထုတ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၂၅-၆-၂၀၁၂ရက် ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်-

ပြည်တွင်း/ ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ် (၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၂၇၊ ၄၁၂၃၂၃

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက်
စက်ပစ္စည်းများဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် စက်ပစ္စည်းများကို အောက်ဖော်ပြပါအတိုင်း ဝယ်ယူလိုပါသည်-
(က) 3 Meter VSAT Link System — 1 Set
(ခ) Fibre Interface & Video Equipment — 1 Lot
၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၃-၆-၂၀၁၂ရက်မှ ၂၁-၆-၂၀၁၂ရက် အထိ နေ့စဉ် ၀၉း၃၀နာရီမှ ၁၆း၃၀နာရီ ရုံးဖွင့်ရက်အတွင်း ပြန်ကြားရေး ဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူ နိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၂၂-၆-၂၀၁၂ရက် ၀၉း၃၀နာရီမှ ၁၆း၃၀နာရီ အတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇) နေပြည်တော်ရှိ တင်ဒါ အဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ် ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါ လိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

ပြည်တွင်း/ ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၂၇၊ ၄၁၂၃၂၃

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်သန်း
အသက်(၇၈)နှစ်

မန္တလေးမြို့၊ ၁၉လမ်း၊ ၈၂လမ်း၊ မင်းသီဟကဖေးနေ ဦးမိုးကျော်-ဒေါ်ခင်မာချိုတို့၏မိခင်သည် ၉-၆-၂၀၁၂ရက် ည ၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါ်ခင်အုန်းမြင့်
မြို့နယ်စာရင်းစစ်အရာရှိ
ပင်းတယမြို့

(၁)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
ဦးညီညီလွင်(ခ)မင်းညီ
စုံစမ်းရေးမှူး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန(နေပြည်တော်)

၁၃-၆-၂၀၁၁ရက်တွင် ကွယ်လွန်သွားသော ကျေးဇူးရှင်အဖေကြီး မိသားစုကိုခွဲခွာသွားသည်မှာ (၁)နှစ်ပြည့်သွားပြီဖြစ်သော်လည်းတစ်နေ့မျှ မေ့မရပါ။ အဖေကြီးအတွက်ရည်စူးပြီး ပြုလုပ်ခဲ့သမျှ ကုသိုလ်ကောင်းမှု အစုစုကို အမျှပေးဝေပါတယ်။ ယခုရောက်ရှိနေသော မြင့်မြတ်တဲ့ဘုံဘဝမှ သာခုခေါ်ဆိုနိုင်ပါစေ။ **အဖေကြီးရေ အမျှ…အမျှ…အမျှ…**

ကျန်ရစ်သူ
ချစ်ဇနီး- ဒေါ်စုစန္ဒာမော်(ခ)ငယ်ကြီး
ချစ်သမီး- ဝင့်သီဂီမော်(ခ)ပုံ့ပုံ့
ချစ်သား- ကျော်ဇင်သက်

အမည်ပြောင်း

တောင်ကြီးမြို့နယ်၊ သံတဲကျေးရွာအုပ်စု၊ အထက-၁၆၊ နဝမတန်း(ခ)မှ စိုင်းဟန်နိုင်စိုးအား ယနေ့မှစ၍ စိုင်းကျော်ညွှန့်ဟု ပြောင်းလဲခေါ်ပါရန်။

စိုင်းကျော်ညွှန့်

အမည်ပြောင်း

ပင်လောင်းမြို့၊ အနောက်ရပ်ကွက်၊ အလက၊ ဒုတိယတန်းမှ နန်းစန္ဒာဒေဝီအား ယနေ့မှစ၍ နန်းကြယ်စင်ဖုန်းဟု ပြောင်းလဲခေါ်ပါရန်။

နန်းကြယ်စင်ဖုန်း



ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၃၂၈/က၊ မြေကွက်တည်နေရာအမှတ် ၃၂၈/က၊ မင်းခေါင် ၁လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးလှသီအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးလှသီနှင့်ဒေါ်သန်းမြင့် ကွယ်လွန်သဖြင့် ဒေါ်လှမြင့်မော် ၁၂/ဥကတ(နိုင်)၁၉၄၂၄၃က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ် ၅၃၉/ခ၊ မြေကွက်တည်နေရာအမှတ် ၅၃၉/ခ၊ ဇေယျာ ၁၉လမ်း၊ (၁၀)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ် ဦးတင်မြင့်၊ ဒေါ်လှကြည်အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်လှကြည်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့်ဝယ်ယူခဲ့သူ ဒေါ်ခင်မြမြထွေး ၁၂/ဥကတ(နိုင်)၀၈၁၉၂၀က ရဲစခန်းထောက်ခံချက်၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်၊ ပါမစ်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာတို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဗမာအေး၊ မြေကွက်အမှတ် ၅၂၊ မြေကွက်တည်နေရာအမှတ် ၅၂၊ ဘုရင့်နောင်လမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးကျော်အုန်း ၁၂/ဒပန(နိုင်)၀၂၄၀၄၄ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးကျော်အုန်းက နှစ် ၆၀ ဂရန်မူရင်းပျောက်ဆုံးသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ကျမ်းကျိန်လွှာတင်ပြပြီး နှစ် ၆၀ မြေငှားစာချုပ်ဂရန်မိတ္တူလျှောက်ထားလာရာ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မြတ်ဆရာပူဇော်ကန်တော့ပွဲ

ရန်ကုန်သူနာပြုတက္ကသိုလ် (၁၉၉၁-၁၉၉၄)ခုနှစ် သူနာပြုဒီပလိုမာကျောင်းသား ကျောင်းသူများ၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲ ကျင်းပမည်။

ရန်ကုန်သူနာပြု တက္ကသိုလ် (၁၉၉၁-၉၄)ခုနှစ် သူနာပြု ဒီပလိုမာကျောင်းသား/သူများ၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို ၂၀၁၂ခုနှစ် ဒီဇင်ဘာလတွင် ရန်ကုန်မြို့၌ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် ကျောင်းသား/သူဟောင်းများအားလုံး မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေများကို အောက်ပါလိပ်စာများသို့ ဆက်သွယ်လှူဒါန်းနိုင်ရန် နှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန် - ဒေါ်ဒါရှီခေါ်နူး ဖုန်း-၀၁-၇၀၄၀၄၉၊ ၀၁-၅၈၅၀၈၇၊ ဒေါ်အေးအေးကြူ ဖုန်း-၀၉-၅၆၆၀၉၂၈၊ဒေါ်စန္ဒာ ဖုန်း-၀၉-၅၀၈၀၀၆၆၊ ဒေါ်တိုးတိုး ဖုန်း-၀၉-၅၁၂၃၀၇၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း။

ကျင်းပမည့်နေ့ရက်၊ နေရာကို ထပ်မံကြေညာပါမည်။

မြတ်ဆရာပူဇော်ကန်တော့ပွဲကျင်းပရေးကော်မတီ(ရန်ကုန်)

ကြော်ငြာစာ
(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃)
ရန်ကုန်အရှေ့ပိုင်းခရိုင် တရားမရုံးတော်၌
၂၀၁၂ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၁၀၁
ကွယ်လွန်သူ ဒေါ်မြညွှန့်၏
ကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

ပုဇွန်တောင်မြို့နယ်၊ မ-၂၇၊ ဝတ်ကျောင်းလမ်း၊ (ဂ)ရပ်ကွက်၌ နေထိုင်ခဲ့သော ကွယ်လွန်သူဒေါ်မြညွှန့်၏ ကျန်ရှိရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် လျှောက်ထားသူ ဦးထွန်းကြည်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၂ခုနှစ် ဇွန် ၂၈ရက် (၁၃၇၄ခုနှစ် ပထမဝါဆိုလဆန်း ၁၀ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်မြညွှန့်၏ ကျန်ရှိရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည် အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၄င်းတို့လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင် ဆိုခဲ့သော ၂၀၁၂ခုနှစ် ဇွန် ၂၈ရက် (၁၃၇၄ခုနှစ် ပထမဝါဆိုလဆန်း ၁၀ရက်)၌ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၄င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၄င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၂ခုနှစ် ဇွန် ၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

နော်အက်ဂနက်စ်
ဒုတိယခရိုင်တရားသူကြီး(၇)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးနေလင်းထွန်း (မြို့နယ်ဒုတိယဦးစီးမှူး၊ ဖျာပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)-ဒေါ်စမ်းစမ်းဝင်းတို့၏ဖခင် ဒုအရာခံဗိုလ်ကျော်ညွှန့် (ငြိမ်း) အသက်(၇၆)နှစ်သည် ၃၁-၅-၂၀၁၂ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြံ့(၂/၁)ရပ်ကွက်၊ ကျောက်စိမ်းလမ်း၊ အမှတ် ၁၂၃ နေအိမ်၌ကွယ်လွန်ကြောင်းသိရှိပါသဖြင့် မိသားစုနှင့် အတူ ထပ်တူဝမ်းနည်းရပါကြောင်း။

ဦးလှငွေး (မြို့နယ်အုပ်ချုပ်ရေးမှူး)နှင့်ဇနီး
ဖျာပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းမိသားစု

အမည်ဖြည့်စွက်ခေါ်ပါရန်

ဦးငွေဝင်း၏သား ဖားဆောင်းမြို့ အထကကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မောင်အောင်ရဲဇော်အား မောင်အောင်ရဲဇော်(ခ) မောင်အောင်မြင့်သူဟု ဖြည့်စွက်ခေါ်ပါရန်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မန္တလေးခရိုင်တရားရုံး နယ်တရားမရုံး၌
၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၉၄

ဒေါ်ကျောင်ကျားကျင်(ခ)	**နှင့်**	ဒေါ်ချိန်ဂေါ်ဟွေ(ခ)
ဒေါ်ယုယုစိန်		စန်းစန်းဝင်း
တရားလို		**တရားပြိုင်**

ဒေါ်ချိန်ဂေါ်ဟွေ(ခ)ဒေါ်စန်းစန်းဝင်း၊ အမှတ် ၄၀၊ ၃၁ လမ်း၊ ၇၄×၇၅ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ် ၁၀၄၆ သိန်းရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၂ခုနှစ် ဇွန် ၁၄ရက် (၁၃၇၄ခုနှစ် နယုန်လပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၂ခုနှစ် မေ ၂၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်စောဝင်း
ဒုတိယခရိုင်တရားသူကြီး(၆)
မန္တလေးခရိုင်တရားရုံး

တစ်လပြည့်လွမ်းဆွတ်အမျှဝေခြင်း
ဘုရား၊ တန်ဆောင်း ဒါယကာ
ဗိုလ်မင်းထွဋ်ဦး
ကြည်း-၅၆၂၂၇ (D.S.A-52)
အသက်(၂၂)နှစ်
(၁၃-၅-၂၀၁၂) - (၁၃-၆-၂၀၁၂)

သားသားရေ…ဒီနေ့ဆိုရင် သားလေးခွဲခွာသွားတာ တစ်လပြည့်ခဲ့ပေမယ့် နေ့စဉ် အောက်မေ့သတိရလျက်ပါ။ မနေ့ကလိုပဲ ရင်ထဲမှာနာကျင်လျက်ပဲ ရှိပါသေးတယ်။ ဖေကြီး၊ မေကြီးနဲ့ မေမေ့အပေါ်မှာ သားသမီးဝတ္တရားအပြည့်နဲ့ စောင့်ရှောက်ခဲ့တဲ့ သားရဲ့အသံနဲ့ပုံရိပ်တွေဟာ မေမေတို့ကို ထာဝရစောင့်ရှောက်နေသလိုခံစားရပါတယ် သားရယ်။ နှစ်စဉ် ဧပြီလ ၅ရက်တိုင်းမှာလည်း သားရှိစဉ်တုန်းကလိုပဲ သားမွေးနေ့ကို အမြဲလုပ်ပေးသွားမှာပါ။ သား ကျောင်းပြီးကတည်းက သားကိုယ်တိုင်စိုက်ထူခဲ့တဲ့ ပညာရေးငွေပဒေသာပင်ကိုလည်း သားဖြစ်စေချင်တဲ့ဆန္ဒအတိုင်း နှစ်စဉ်စိုက်ထူပေးသွားမှာပါ။ သားကိုယ်တိုင်ပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုအစုစုရယ်၊ သားအတွက်ရည်စူးပြီး နေ့စဉ်၊ လစဉ်ပြုလုပ်ပေးနေတဲ့ သီလ၊ ဒါန၊ ဘာဝနာအားလုံးတို့အတွက် သားကို အမျှ-အမျှ-အမျှ ပေးဝေပါတယ်။ မြင့်မြတ်တဲ့ဘုံဘဝကနေ သာခုခေါ်ဆိုနိုင်ပါစေ။

ဖေကြီး၊မေကြီး- ဦးကိုကို-ဒေါ်တင်တင်စန်း
မေမေ- ဒေါ်တင်မြတ်မြတ်မှူး(ကျောင်းအုပ်၊ စစ်ကိုင်းမူလတန်းကြိုကျောင်း)
ညီမလေး- မငြိမ်းမြတ်သဉ္ဇာ(အထက-၁၊ စစ်ကိုင်းမြို့)

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မင်းထွဋ်ဦး
ကြည်း-၅၆၂၂၇ (D.S.A-52)
အသက်(၂၂)နှစ်

ချစ်ခင်လေးစားရပါသော ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်မြတ်မြတ်မှူး (စစ်ကိုင်း မူလတန်းကြိုကျောင်း)၏ချစ်လှစွာသော တစ်ဦးတည်းသောသားလေး ဗိုလ်မင်းထွဋ်ဦး ကွယ်လွန်သွားသည်မှာ ၁၃-၆-၂၀၁၂ရက်တွင် တစ်လပြည့်မြောက်ခဲ့သည့်အတွက် ဆရာမကြီးနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

စစ်ကိုင်းမူလတန်းကြိုကျောင်းမှ ဝန်ထမ်းများ

တစ်လပြည့်လွမ်းဆွတ်သတိရခြင်း
ဗိုလ်မင်းထွဋ်ဦး
ကြည်း-၅၆၂၂၇ (D.S.A-52)
အသက်(၂၂)နှစ်

စိတ်သဘောထားဖြူစင်မြင့်မြတ်ပြီး ဘာသာတရားကိုင်းရှိုင်းတဲ့ ချစ်တူလေး ရုတ်တရက်ခွဲခွာသွားခဲ့သည်မှာ ၁၃-၆-၂၀၁၂ရက်တွင် တစ်လပြည့်ခဲ့သော်လည်း ဘယ်တော့မှမမေ့ပါဘူး သားရယ်…

ချစ်တဲ့အန်တီလေး-ဦးရာဇာဟန်-ဒေါ်အေးမြမြသူ(ခ)ပုံပုံ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄/၁)ရပ်ကွက်၊ လူနေရပ်ကွက်အမှတ်(မြင်သာစုပေါင်းအိမ်ရာ)၊ မြေကွက်အမှတ် ၆၄/၁၊ ဧရိယာ ၀ဒသမ ၀၃၉၈ဧကရှိ နှစ် ၆၀ မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၆၄/၁၊မြင်သာ ၆ လမ်း၊(၁၄/၁)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးမင်းသိန်းအမည်ဖြင့်တည်ရှိပါသည်။ ၄င်းထံမှဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၁၂၂/၂၀၁၁)ရရှိထားသူ ဦးမျိုးမင်းဦး ၁၂/ရကန(နိုင်)၀၁၁၀၃၅ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ပိုင်းပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို	**ဒေါ်အိမ့်ဖြူနိုင်**
LL.B (စဉ်-၂၃၂၉၉)	**LL.B, D.B.L, D.M.L (စဉ်-၂၉၇၄၆)**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**

အာရှမြေ အိမ်၊ ခြံ၊မြေအကျိုးဆောင်ကုမ္ပဏီ အမှတ် ၁၈၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၉၃၁၂၈၊၃၉၃၁၇၃

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သမီး မမို့မို့ထွန်း ၁၂/မဂဒ(နိုင်)၁၂၆၅၈၆ သည် မိဘများဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘောဆန္ဒအတိုင်း ပြုမူဆောင်ရွက်သွားပါသဖြင့် ၈-၆-၂၀၁၂ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၄င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်မယူကြောင်း ကြေညာအပ်ပါသည်။

ဦးစိန်ထွန်း-ဒေါ်လှရီ

အထူးကျေးဇူးတင်ရှိခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးကျော်ဇော(မင်းဘူး) B.A, B.Ed
ကျောင်းအုပ်ကြီး(ငြိမ်း)
အသက်(၈၇)နှစ်

မင်းဘူးမြို့နေအိမ်၌ ၈-၆-၂၀၁၂ရက်တွင် ကွယ်လွန်သွားသော ဦးကျော်ဇောအား ၉-၆-၂၀၁၂ရက် ဂူသွင်းသင်္ဂြိုဟ်ရာတွင်လည်းကောင်း၊ ၁၂-၆-၂၀၁၂ရက် ရက်လည်ဆွမ်းကျွေးရာတွင်လည်းကောင်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် မြို့နယ်စာရင်းစစ်ချုပ်ရုံးမှ အရာထမ်းအမှုထမ်းများ၊ ရပ်နီးရပ်ဝေးမှ တယ်လီဖုန်း၊ Message, e-mail များဖြင့် သတင်းမေးမြန်း အားပေးနှစ်သိမ့်ကြသူများ၊ နေ့စဉ်ထုတ်သတင်းစာများ၌ ဝမ်းနည်းကြောင်းဖော်ပြ၍ အားပေးနှစ်သိမ့်ကြသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု

ဦးအောင်လွင်
အသက်(၅၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ ဇီးဖြူကုန်းရွာမနေ (ဦးတင်ဟန်-ဒေါ်ခင်အေး)တို့၏သား၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ မာန်ပြေ (၁၀)လမ်းအနောက်၊ အမှတ် ၄၁၃/ကနေ ဒေါ်ခင်မေအေး၏ခင်ပွန်း၊ ကိုမျိုးမြင့်မောင်၊ မမေမြတ်လွင်၊ ကိုမင်းမင်းကို-မရတနာဦး၊ မောင်ကျော်ထက်ကို၊ မဇာခြည်ဝတ်ရည်နှင်းတို့၏ဖခင်၊ မောင်မြတ်မင်းကိုကို၏အဘိုးသည် ၁၁-၆-၂၀၁၂ရက် (တနင်္လာနေ့) ည ၁၀း၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးအောင်ငွေ
B.Sc Forestry 86 Batch
လက်ထောက်ညွှန်ကြားရေးမှူး၊ ကျောက်ဆည်ခရိုင်သစ်တောဦးစီးဌာန
အသက်(၄၉)နှစ်

မြန်မာနိုင်ငံသစ်တောကျောင်း၊ ပြင်ဦးလွင်၌ တပည့်များအား စေတနာ မေတ္တာအပြည့်ဖြင့် ပညာဝေငှ၍ ညီအစ်ကိုပမာဆက်ဆံခဲ့သော ဆရာဦးအောင်ငွေသည် ၁၀-၆-၂၀၁၂ရက် နံနက် ၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ဆရာ၏ဇနီး ဒေါ်အေးဆေး၊ သမီးကြီး နန်းဇီဇဝါထွန်း၊ သား စိုင်းအောင်ဇော်ဇော်၊ သမီးငယ် နန်းဇီဇဝါယဉ်မင်းတို့နှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ဆရာကောင်းရာမွန်ရာဘုံဘဝသို့ ရောက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

၁၉၉၈-၂၀၀၀ခုနှစ် မြန်မာနိုင်ငံသစ်တောကျောင်း
ကျောင်းဆင်းတပည့်များ

ဦးကျော်မြင့်
(ဦးစီးအရာရှိ၊ ငြိမ်း၊ ကညန)
အသက်(၆၂)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ မဲဇလီရွာမနေ ဦးအောင်ရှင်-(ဒေါ်သန်းကျင်)တို့၏သား၊ ဒေါ်ထားမြင့်၊ ဦးတင်ဝင်း-ဒေါ်လှထွေး၊ဒေါ်မြစိန်တို့၏ ညီ၊မောင်၊ ဦးကျော်စိုး-ဒေါ်ကြင်လှိုင် (မိဘဂုဏ်ရည် မုန့်ဟင်းခါးဖို)၊ ဦးသိန်းဝင်း-ဒေါ်မိုးမိုးအေးတို့၏အစ်ကို၊ကိုအောင်သူ-မမေသူစိုးတို့၏ဖခင်၊ မောင်သူရအောင်၊ မရတီထက်တို့၏အဘိုးသည် ၁၂-၆-၂၀၁၂ရက်(အင်္ဂါနေ့) နံနက် ၄း၅၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄-၆-၂၀၁၂ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးကြည်ဝင်း
(ရွှေခူဝံ) (ဝေါမြို့)
အသက်(၆၀)

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့၊ ဘူတာလမ်းနေ (ဦးဟန်ညွှန့်-ဒေါ်မြမြ)တို့၏သား၊(ဦးထွန်းလင်း-ဒေါ်ညွန့်ရည်)တို့၏သားသမက်၊ ဦးညီညီဦး-ဒေါ်နီနီဇင်ဝင်း၊ ဦးဝင်းကိုကိုနိုင် - ဒေါ်သက်သက်နွယ်၊ ဦးဝင်းတင်ထူးနိုင်-ဒေါ်အိဖြူခိုင်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုး၊ ဒေါ်ခင်ဖြူဝင်း(ရွှေခူဝံအထွေထွေရောင်းဝယ်ရေး)၏ခင်ပွန်းသည် ၁၁-၆-၂၀၁၂ရက် (တနင်္လာနေ့)ည ၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၆-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ဝေါမြို့ကွင်းချောင်းသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်တင်နွဲ့
အသက်(၈၇)နှစ်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ မဟာကိုးဆူတိုက်၊ မိုးကုတ်မဏိရတနာကျောင်းဆရာတော် ဦးနန္ဒိယ၏မယ်တော်ကြီး၊ မကွေးမြို့နေ ဦးစန်းမောင်-ဒေါ်မြချော၊ ဦးအောင်ခ-ဒေါ်ခင်ဂျန်း၊ ဦးညိုကြီး-ဒေါ်မြအေး၊ ဦးချစ်မောင်-ဒေါ်ခင်ပေါ၊ ဦးဇော်ဝင်း-ဒေါ်မြို့တင်၊ ဦးသိန်းဆွေ-ဒေါ်ပြုံးရီ၊ ဦးသန်းလွင်-ဒေါ်ခင်ချောတို့၏မိခင်၊ မြေး ၁၉ယောက်၊ မြစ် ၁၀ယောက်တို့၏ဘွားဘွားကြီး၊ (ဦးတင်စ)၏ဇနီးသည် ၁၁-၆-၂၀၁၂ရက် ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် မိုးကုတ် မဏိရတနာကျောင်းမှ တောင်အင်း၊ မြောက်အင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်သိန်းစီ (မုံရွာမြို့)
ဆရာမကြီး(ငြိမ်း)
အသက်(၈၆)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နေ (ဦးစိန်ခို-ဒေါ်သန်းတင်)(ပုသိမ်မြို့)တို့၏သမီးကြီး၊ (ဦးသောင်းရွှေ-ဒေါ်ရီ)(ယင်းမာပင်မြို့)တို့၏ချွေးမ၊ (ဦးစန်း၊ ကျောင်းအုပ်ကြီး၊ အထက-၁၊ မုံရွာမြို့)၏ဇနီး၊ (ဦးလှထွဋ်ဦး)၊ ဒေါ်ကျော့မှူးစန်း(အထက-၁၊ မုံရွာ)၊ ဗိုလ်မှူးစိုးမင်း(ငြိမ်း)၊ O.T.S(83)၊ ဦးတိုးတိုး(နီလာဆန်ပွဲရုံ၊ မုံရွာ)တို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၁၂-၆-၂၀၁၂ရက်(အင်္ဂါနေ့) နံနက် ၉း၀၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၆-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၄နာရီတွင် မုံရွာမြို့ မြို့မသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
ဦးညိမ်းဖေ
(စိန်မဟာ စက္ကူစက်)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ် ၈၂၈/၈၂၉၊ (၄)ရပ်ကွက်၊ သုဓမ္မာလမ်းမကြီးနေ ဒေါ်ခင်ငြိမ်း၏ခင်ပွန်း၊ (ကိုသိန်းထွန်း)-မနွယ်နွယ်ဝင်း၊ မစန်းစန်းဝင်း၊ ကိုအောင်စိုးငြိမ်း-မနီလာကျော်၊ ကိုစိုးဝင်း-မအေးအေးခိုင်တို့၏ဖခင်၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၁၁-၆-၂၀၁၂ရက် (တနင်္လာနေ့)နံနက် ၃နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၂ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးနေဝင်း
အသက်(၆၆)နှစ်

တောင်ကြီးမြို့၊ ချမ်းသာရပ်ကွက်၊ သဇင်လမ်း၊ အမှတ် ၄၀နေ ဦးလှတင်-(ဒေါ်မြရီ)တို့၏သား၊ ဒေါ်ခင်ခင်စော၏ခင်ပွန်း၊ ဒေါ်ကြူကြူလှ၊ ဒေါ်မြင့်မြင့်သင်း၊ ဒေါ်ငွေငွေရီတို့၏အစ်ကို၊ မောင်စောဝင်းနိုင်၊ မစောနှင်းခိုင်၊ မောင်စောဝင်းနောင်-နန်းမူ၊ မအေးခိုင်မြတ်တို့၏ဖခင်သည် ၈-၆-၂၀၁၂ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

(၁၉၆၈-၁၉၉၈)T.H.S(တောင်ကြီး)
ကျောင်းဆင်းသူငယ်ချင်းများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးကြည်ဝင်း (ရွှေခူဝံ)
(ဝေါမြို့)
အသက်(၆၀)

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့၊ ဘူတာလမ်းနေ (ဦးဟန်ညွှန့်-ဒေါ်မြမြ)တို့၏သား၊ ဝေါမြို့နေ (ဒေါ်ခင်သန်းဝင်း)၊ ဦးဝင်းမြင့်-ဒေါ်တင်တင်အေးတို့၏မောင်၊ ညီ၊ ဦးတင်လှအောင်-ဒေါ်တင်တင်ဝင်း၊ ဦးသန်းထွန်း - ဒေါ်ညွန့်ညွန့်ဝင်းတို့၏အစ်ကို၊ တူ၊ တူမ ရှစ်ယောက်တို့၏ဘကြီး၊ ဒေါ်ခင်ဖြူဝင်း၏ခင်ပွန်းသည် ၁၁-၆-၂၀၁၂ရက်(တနင်္လာနေ့)ည ၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၆-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ဝေါမြို့ ကွင်းချောင်းသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယကာကြီး
ဦးလှိုင်ကြည်
ဗဟိုဆေးသိုလှောင်ရေးဌာန၊
ကျန်းမာရေးဦးစီးဌာန(ငြိမ်း)
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ နှင်းဆီလမ်း၊ အမှတ် ၇၉ (ပထမထပ်)နေ (ဦးပြား-ဒေါ်သန်းစိန်)တို့၏သား၊ ဒေါ်အုန်းကြည်(ဆည်မြောင်း၊ငြိမ်း)၏ခင်ပွန်း၊ ဦးအောင်နိုင်ဦး-ဒေါ်သဇင်မြင့်၊ ဦးသန်းနိုင်ဦး-ဒေါ်သွယ်သွယ်ဦး၊ ဒေါ်ခိုင်ခိုင်ကြည် - ဦးကျော်သူကောင်းတို့၏ဖခင်၊ မသံသာဦးဇင်၊ မအိန္ဒြာဦးခင်၊ မရွှန်းလဲ့ဖူး၊ မောင်ကောင်းသန့်တို့၏အဘိုးသည် ၁၂-၆-၂၀၁၂ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၂ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
မယ်တော်ကြီး ဒေါ်မြကျင်
(မြို့ကုန်း/ဒါးပိန်)
အသက်(၁၀၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဒါးပိန်မြို့၊ ရွှေတောင်ပန်ကျောင်းဆရာတော် ဘဒ္ဒန္တကုမာရ၏ မယ်တော်ကြီး၊ လှည်းကူးမြို့နယ်၊ မြို့လေးကုန်းကျေးရွာနေ(ဦးဖိုးခို-ဒေါ်ဖွား)၊(ဦးကြယ်-ဒေါ်ကာစီ)တို့၏သမီးချွေးမ၊(ဦးကျော်မင်း)၏ဇနီးသည် ၁၀-၆-၂၀၁၂ရက်(တနင်္ဂနွေနေ့)နံနက် ၄း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆-၆-၂၀၁၂ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် ရွှေတောင်ပန်ကျေးရွာ၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။

ရွှေတောင်ပန်ဆရာတော်နှင့်
တပည့်ဒါယကာ၊ဒါယိကာမများ

ဦးကျော်ဝင်း
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ရွှေတောင်ကြားလမ်း၊ ခြံအမှတ် ၃၀နေ (ဦးအုန်းညွှန့်-ဒေါ်စိန်နက်)တို့၏သား၊ ဒေါ်သန်းသန်းငွေ၏ခင်ပွန်း၊ (ဦးစိုးသိန်း)-ဒေါ်လှသက်မွန်၊ ဒေါ်လဲ့လဲ့မျိုး၊ ဦးသောင်းဒန် (Traders Hotel)-ဒေါ်အေးအေးမော်၊ ဦးသက်နိုင်ထွန်း(RPMM) - ဒေါ်ဆင့်ဆင့်မြတ် (Central Hotel)၊ ဦးခိုင်ထွန်း၊ ဦးတက်ထွန်း၊ ဒေါ်ဝင်းဝင်းမိုး၊ ဦးသိုက်ထွန်း (ခေတ္တ-UAE)-ဒေါ်ချိုချိုသန့်(ခေတ္တ-UAE)၊ ဦးသူရိန်ထွန်း (Central Hotel) တို့၏ဖခင်၊ မခိုင်ခိုင်ဦး(ခေတ္တ-Nanning)၊ မောင်မြတ်ထွဋ် (အထက-၂၊ ဗဟန်း)၊ မောင်ဘုန်းမြတ်ဟိန်း(အမက-၃၊ မူလွန်၊ ဗဟန်း)၊ မအိယမုံတို့၏အဘိုးသည် ၁၁-၆-၂၀၁၂ရက် ညနေ ၄း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၂ ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၇-၆-၂၀၁၂ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးစံသိန်း (ရွှေတောင်မော်)
လ/ထမော်ကွန်းထိန်း(ငြိမ်း)
စာမေးပွဲဌာန
အဝေးသင်တက္ကသိုလ်
အသက်(၇၁)နှစ်

(ဦးဟုတ်ရှိန်-ဒေါ်ကျင်ရွှေ၊ ရွှေတောင်မော်)တို့၏သား၊ (ဦးဘီခရူး၊ UBA)-ဒေါ်ခင်ကြည်တို့၏သားသမက်၊ မောင်အောင်ကျော်ညွှန့်-မစံသီရိ၊ မောင်အောင်မျိုးသိန်း၊ မဖြိုးသူစံ(ခေတ္တ-ဂျပန်)၊ မမြတ်သူစံ(AGD Bank)တို့၏ဖခင်၊ ခြံနံပါတ် ၇၊ သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ ဒေါ်ဘယ်လာ၏ခင်ပွန်းသည် ၁၁-၆-၂၀၁၂ရက် ညနေ ၃း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၁၂ ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးဇာလီဦး (ကျောက်တံခါး)
ယာဉ်မောင်း(ပ)
ယန္တရားတပ်ခွဲ(တောင်)
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
အသက်(၅၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နေ (ဦးမောင်မောင်-ဒေါ်တင်အောင်)တို့၏သားကြီး၊ရခိုင်ပြည်နယ်၊လေးတောင်၊ ငပြီချောင်းရွာနေ (ဦးထွန်းစိန်ဦး-ဒေါ်အပျောင်မေ)တို့၏သားသမက်၊ (ဦးမြင့်ဦး)-ဒေါ်နီလာဦး၊(မောင်လှိုင်ကျော်ဦး)၊ ဦးထွန်းစိန်-ဒေါ်သီတာဦး၊ ကိုမျိုးနိုင်ဦး-ဒေါ်မိုးမိုးလွင်တို့၏အစ်ကိုကြီး၊ စ/၆၂၇၊ သန္တာ ၅လမ်း၊ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်ခင်စန်းရီ၏ခင်ပွန်း၊ မသဇင်ဦး (Myanmar CP Live Stock Co.,Ltd.)၊ မောင်မျိုးသန့်တို့၏ဖခင်သည် ၁၂-၆-၂၀၁၂ရက်(အင်္ဂါနေ့) နံနက် ၁၂း၀၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၄-၆-၂၀၁၂ရက် (ကြာသပတေးနေ့)ညနေ ၃ နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု

ဦးညွန့်မောင်
မြို့နယ်အုပ်ချုပ်ရေးမှူး(ငြိမ်း)၊ အင်းစိန်မြို့နယ်၊ YCDC
(မြို့မကျောင်းသားဟောင်း)
အသက်(၉၆)နှစ်

တောင်ငူမြို့နေ (ဦးပန်းအောင်-ဒေါ်ကြင်မေ)တို့၏သား၊ တိုက် ၆၊ အခန်း ၂၀၃၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ ပုဇွန်တောင်မြို့နယ်နေ (ဒေါ်ညိမ်းယဉ်)၏ခင်ပွန်း၊ ဦးဟန်ညိမ်း(ပဲခူးတိုင်းဒေသကြီး၊ ဥပဒေအရာရှိ)-ဒေါ်သန်းသန်းငွေ၊ ဒေါက်တာမြတ်မင်း-ဒုတိယဗိုလ်မှူးကြီးဒေါ်မြင့်မြင့်(ငြိမ်း)၊ (ဦးဇော်မြင့်)-ဒေါ်စန်းစန်းငွေ၊ ဦးသာဒင်၊ ဦးခင်မောင်ကြည်-ဒေါ်လှလှမော်(ခေတ္တ-စင်ကာပူ)၊ ဦးအောင်စိုးပိုင် (Panasonic Battery)-ဒေါ်စန်းစန်းမြင့် (ဌာနစုမှူး၊ ဈေးများဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)၊ ဒေါ်ချိုချိုညွန့်(ထ-၄၊ ဗိုလ်တထောင်)၊ ဦးဝင်းနိုင်-ဒေါ်သီတာ(မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်)တို့၏ဖခင်၊ မြေး ၁၂ယောက်၊ မြစ်လေးယောက်တို့၏ဘိုးဘိုးကြီးသည် ၁၁-၆-၂၀၁၂ရက် (တနင်္လာနေ့) ညနေ ၆နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ ရန်ကုန်၌ကွယ်လွန်သွားပါ၍ ၁၅-၆-၂၀၁၂ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါပုဇွန်တောင်မြို့နယ်အိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးညွန့်မောင်
မြို့နယ်အုပ်ချုပ်ရေးမှူး(ငြိမ်း)၊ အင်းစိန်မြို့နယ်၊ YCDC
(မြို့မကျောင်းသားဟောင်း)
အသက်(၉၆)နှစ်

တောင်ငူမြို့နေ (ဦးပန်းအောင်-ဒေါ်ကြင်မေ)တို့၏သား၊ တိုက် ၆၊ အခန်း ၂၀၃၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ ပုဇွန်တောင်မြို့နယ်နေ (ဒေါ်ညိမ်းရင်)၏ခင်ပွန်း၊ ဦးဝင်းထွဋ်(အမှုဆောင်အင်ဂျင်နီယာ2၊ YESB)-ဒေါ်ခင်သပြေစု(အမှုဆောင်အင်ဂျင်နီယာ2၊ YESB)၊ Mr. Samec-ဒေါ်သွဲ့သွဲ့ယဉ်စု(Horizon School)၊ ဗိုလ်မှူးအောင်ဖြိုး(ငြိမ်း)(မန်နေဂျာ၊ မစဘ)-ဒေါ်သဇင်မြင့်မြတ်(ဦးစီးအရာရှိ၊ ပတခ)၊ ဗိုလ်ကြီးမင်းဟန်-ဒေါ်မို့မို့ဘဏ်ခင်၊ ဦးဘဏ်မြတ်မင်း(ဟိုတယ်/ခရီး)-ဒေါ်ခင်စန္ဒီကျော်စွာ၊ မမိုးမြတ်မင်း(အလုပ်သင်ဆရာဝန်)၊ ဗိုလ်ကြီးထူးဇော်လင်း(ငြိမ်း)၊ ဦးဆန်းဇော်ထွဋ်၊ မသစ်သစ်ဝေဇော်(MKT Construction Co., Ltd.)၊ မောင်နေမျိုးအောင်(ခေတ္တ-စင်ကာပူ)၊ ကိုဇေယျာထွန်း၊ မောင်ရှင်းသန့်နိုင်တို့၏အဘိုး၊ မောင်တိုးလွင်ရှိန်၊ မစန္ဒာ၊ မောင်ကောင်းဆက်လင်းတို့၏အဘိုးသည် ၁၁-၆-၂၀၁၂ရက် (တနင်္လာနေ့) ညနေ ၆နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ ရန်ကုန်၌ ကွယ်လွန်သွားပါ၍ ၁၅-၆-၂၀၁၂ရက်(သောကြာနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါပုဇွန်တောင်မြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း
ဒါယကာကြီး
ဦးကျင်လှ(ခ)ဦးမြတ်မိုး
(မေတ္တာမွန်အထည်ချုပ်စက်ရုံ၊
သန်လျင်မြို့)
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း(အလယ်)၊ အမှတ် ၂၁၆၊ လေးလွှာ(ဝဲ)နေ (ဦးချစ်စု-ဒေါ်အေးစိန်)တို့၏သား၊ တရုတ်(တိုင်ပေ)နေ (ဦးမွေဘဏ်) - ဒေါ်လှကျင်တို့၏သားသမက်၊ဒေါ်သီတာမေ၏ခင်ပွန်း၊(ဦးတင်မြင့်)-ဒေါ်နွဲ့၊(ဒေါ်စန်းလွင်-ဦးတင်အေး)၊ (ဦးလွန်းမောင်)-ဒေါ်ရီရီထွေး၊ (ဦးမျိုးလွင်)-ဒေါ်အေးမြင့်၊ (ဦးထွန်းလူ)-ဒေါ်ခင်မြမြ၊ ဒေါ်ကြင်အေး-(ဦးခင်မောင်လွင်)၊ ဦးအောင်သွင်-ဒေါ်ခင်ပြုံးရီ၊ ဒေါ်ထွေးထွေး-ဦးအောင်မြင့်၊ ဒေါ်ပိုပို တရုတ်(တိုင်ပေ)တို့၏ညီ/မောင်/အစ်ကို၊ တူ၊ တူမ ၃၂ယောက်တို့၏ဦးလေးသည် ၁၁-၆-၂၀၁၂ရက် (တနင်္လာနေ့) နံနက် ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၂ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်)
ဦးဇာလီဦး
အသက်(၅၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နေ (ဦးမောင်မောင်-ဒေါ်တင်အောင်)တို့၏သားကြီး၊ စ/၆၂၇၊ သန္တာ ၅လမ်း၊ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်ခင်စန်းရီ၏ခင်ပွန်း၊မသဇင်ဦး၊ မောင်မျိုးသန့်တို့၏ဖခင်သည် ၁၂-၆-၂၀၁၂ရက်(အင်္ဂါနေ့) နံနက် ၁၂း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၂ရက်(ကြာသပတေးနေ့)ညနေ ၃နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူအသင်းသားများအားအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) အလုပ်အမှုဆောင်အဖွဲ့

ကိုနွယ်မိုးကြည် (မိုးကောင်း)
အသက်(၃၅)နှစ်

မိုးကောင်းမြို့၊ အမှတ် ၄၊ နောင်ကိုင်တော်ရပ်ကွက်နေ ပန်းချီဆရာကြီး ဦးပေါက်ကြည် - ဒေါ်မြရွှေတို့၏သား၊ ရန်ကုန်မြို့နေ ဦးလှသိန်းကျော်-ဒေါ်တင်တင်ဝင်းတို့၏သားသမက်၊ မဝင့်ဖြူဖြူလှိုင်(ခ)ဖြူလေး၏ခင်ပွန်း၊ ဒေါ်ရင်ရင်နွယ်-ကိုမင်းသူအောင်တို့၏မောင်၊ မင်းခန့်ဇင်ဝင်း၏ဦးလေးသည် ၁၁-၆-၂၀၁၂ ရက်(တနင်္လာနေ့) နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် မိုးကောင်းမြို့(၂)မိုင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

ပုလောမြို့နယ်အသင်း(ရန်ကုန်)
ဦးအုန်းတင် (ပုလော၊မင်းထိန်)
အသင်းဝင်အမှတ်-၈၈
အသက်(၉၅)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ မင်းထိန်ရွာနေ (ဒေါ်ကြင်ဆိုင်)၏ခင်ပွန်း၊ရန်ကုန်မြို့နေ ဦးဝင်းမောင်-ဒေါက်တာရီရီမြင့် (အသင်းဝင်အမှတ်-၄၀၃)၏ဖခင်သည် ၁၁-၆-၂၀၁၂ရက် (တနင်္လာနေ့)ညနေ ၆နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ မင်းထိန်ရွာသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ အမှုဆောင်အဖွဲ့

ရဟန်း၊ သိမ်၊ ကျောင်း
ဒါယကာကြီး
ဦးကျင်လှ(ခ)ဦးမြတ်မိုး
(မေတ္တာမွန် အထည်ချုပ်စက်ရုံ၊
သန်လျင်မြို့)
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း(အလယ်)၊အမှတ် ၂၁၆၊ လေးလွှာ(ဝဲ)နေ (ဦးချစ်စု-ဒေါ်အေးစိန်)တို့၏သား၊ တရုတ်(တိုင်ပေ)နေ (ဦးမွေဘဏ်) - ဒေါ်လှကျင်တို့၏သားသမက်၊ ဒေါ်သီတာမေ၏ခင်ပွန်း၊ ဦးဝဏ္ဏရှိန် (ရဲတံခွန် F.S.O) - ဒေါ်အေးမြတ်သီ၊ မောင်သန့်ဇော်-မရှယ်ရီ၊ Mr.Wanue Htan-မယဉ်မင်းထိုက်၊ မမြတ်စုရည်တို့၏ဖခင်၊ မြေးငါးယောက်တို့၏ဘိုးဘိုးသည် ၁၁-၆-၂၀၁၂ရက် (တနင်္လာနေ့) နံနက် ၅း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၂ရက် ညနေ ၄နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ကိုအောင်ကျော်ဦး
(မိုးကုတ်)
အသက်(၄၅)နှစ်

မိုးကုတ်မြို့၊ အရှေ့ပိုင်းရပ်နေ (ဦးကျော်ဝ)-ဒေါ်ကြည်တို့၏သား၊ဦးတင်မောင်ဦး-ဒေါ်မြမြ၊ ဦးကိုဦး-ဒေါ်မာမာဦး၊ ကိုသက်ဇော်ဦး၊ ဦးလှအောင်-ဒေါ်အုန်းအုန်းမြင့်၊ ဒေါ်ချိုချိုလွင်တို့၏ညီ/မောင်၊ ကိုဦးနိုင်၊ မသီတာကျော်၊ မသန္တာကျော်၊ ကိုစောစံ-မဝင့်ဝင့်၊ ကိုမြင့်ထွေး-မစုစု၊ ကိုတုတ်-မမို့တို့၏အစ်ကို၊ ဗိုလ်ကြီးဖြိုးသက်ကို-မဇာနည်အောင်၊ ကိုကျော်သူမြတ်၊ မနီလာအောင်၊ မောင်မြတ်မင်းခန့်တို့၏ဦးလေးသည် ၁၂-၆-၂၀၁၂ရက် နံနက် ၀၀း၁၅နာရီတွင်ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

မော်တော်ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဂ/၃၅၈၀ Myanmar mini Saloon S/L (4x2) L. FWD ယာဉ်လက်ဝယ်ရှိသူ ဦးရဲမြင့် ၈/မကန(နိုင်)၀၁၄၂၈၈၈ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် တပ်ကုန်းမြို့နယ်၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၁၊ အလောင်းဘုရားရပ်၊ ဦးပိုင်အမှတ် ၃၅၊ ဧရိယာ ၀ ဒသမ ၁၀၄၈က၊ မြေကွက်တည်နေရာအမှတ် ၁၀၄၊ အောင်ဇေယျရပ်ကွက်၊ တပ်ကုန်းမြို့ရှိ ဦးအေးအမည်ဖြင့်ပိုင်ဆိုင်သော ပါမစ်မြေအား ဦးအေး ၉/တကန(နိုင်)၀၂၂၂၀၈ (ဘ)ဦးဖိုးသင့်ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ရန်အတွက် မြေပုံနှင့် မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင် မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် တပ်ကုန်းမြို့နယ်၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉/သူရိယ ဦးပိုင်အမှတ် ၁၀၁၊ ဧရိယာ ၀ ဒသမ ၀၆၈၈က၊ မြေကွက်တည်နေရာအမှတ် ၁၀၁၊ အောင်ဇေယျရပ်ကွက်၊ တပ်ကုန်းမြို့ရှိ ဒေါ်သန်းမြင့်အမည်ဖြင့်ပိုင်ဆိုင်သော ဂရန်မြေအား ဦးခင်မောင်တင့် ၉/တကန(နိုင်)၀၀၈၅၃၁ (ဘ)ဦးသိန်း ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အမွေဆက်ခံနှင့် စွန့်လွှတ်စာချုပ်ရန်အတွက် မြေပုံနှင့်မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဦးညီညီအောင်
B.A (History)
Asia World စက်ပြင်ဟောင်း
အသက်(၄၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နေ(ဦးပု-ဒေါ်ကြည်)၊ အင်းစိန်မြို့နယ်နေ(ဦးရွှေရ-ဒေါ်ငြိမ်းဇံ)တို့၏မြေး၊လှိုင်သာယာမြို့နယ်၊ (၂)ရပ်ကွက်၊ ပီမိုးနင်းလမ်း၊ အမှတ် ၂၁၂ နေ ဦးတင်အေး-ဒေါ်ခင်ညွှန့်တို့၏သား၊ မနီလာ၏မောင်၊ ဗိုလ်မှူးကိုကိုအောင်-ဒေါ်ဥမ္မာခင်တို့၏ညီ၊တပ်ကြပ်ကြီးမင်းမင်းဇော်-ဒေါ်ခင်မာလာဝင်း၊ ဦးကျော်ဇေယျာမင်း-ဒေါ်မင်းမင်းအေးတို့၏အစ်ကိုသည် ၁၁-၆-၂၀၁၂ရက်(တနင်္လာနေ့)ည ၇း၁၀ နာရီတွင် လုံမွတ္တီဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

မချိုချိုအောင်
အသက်(၃၉)နှစ်

ရန်ကုန်မြို့၊အမှတ် ၇၊ရှမ်းလိမ်းလမ်း၊ အောင်ချမ်းသာရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ ဦးအောင်-ဒေါ်စန်းမြင့်တို့၏သမီးကြီး၊ မယဉ်ယဉ်လတ်-ဒေါက်တာ Sun Jing၊ ကိုခင်ကို-ဒေါက်တာခိုင်ဆုမွန်၊ ဒေါက်တာစုစုထွေး-ဒေါက်တာကျော်လင်းထွန်းတို့၏အစ်မ၊ မ Chung Chung ၏အဒေါ်သည် ၁၂-၆-၂၀၁၂ ရက် (အင်္ဂါနေ့) နံနက် ၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၂ ရက်(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ် ၁၂၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော်ရှိ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ R. 488

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်
ကြေညာချက်အမှတ် (၂/၂၀၁၂)
၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်
(၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၂ ရက်)

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၃ တို့အရ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက် (၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၄ ရက်) ဗုဒ္ဓဟူးနေ့၊ နေ့လယ် ၁၃း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

(ပုံ) ခင်အောင်မြင့်
နာယက
ပြည်ထောင်စုလွှတ်တော်

ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့လွှတ်တော်
ကြေညာချက်အမှတ် (၂/၂၀၁၂)
၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်
(၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၂ ရက်)

ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၆ နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၄ တို့အရ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက် (၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၄ ရက်) ဗုဒ္ဓဟူးနေ့၊ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားလွှတ်တော်
ကြေညာချက်အမှတ် (၂/၂၀၁၂)
၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်
(၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၂ ရက်)

ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅ နှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၄ တို့အရ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက် (၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၄ ရက်) ဗုဒ္ဓဟူးနေ့၊ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

နေပြည်တော် လွှတ်တော်ရုံးသို့ လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

နေပြည်တော် ဇွန် ၁၂

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကို ၂၀၁၂ ခုနှစ်၊ ဇူလိုင် ၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးများကို ယင်းနေ့နံနက် ၁၀ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်အစည်းအဝေးခန်းမများ၌ကျင်းပရန် ခေါ်ယူထားရာ အဆိုပါအစည်းအဝေးများသို့ တက်ရောက်ရန် ဖိတ်စာများကို လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားသည်။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လိုအပ်သည့် ပြင်ဆင်မှုများပြုလုပ်နိုင်ရန် အစည်းအဝေးဖိတ်စာများ လက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်လွှတ်တော်ရုံးသို့ ဇူလိုင် ၂ ရက်ထက် မစော ၃ ရက်ထက် နောက်မကျစေဘဲ သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်အသိအမှတ်ပြုလွှာနှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြားတို့ကို ယူဆောင်လာကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွာရန်ရာနှုန်း ၈၀ — နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်း

စစ်တွေမြို့နယ် အနောက်စံပြကျေးရွာမှ ကျေးရွာသူ ကျေးရွာသားများအား တွေ့ဆုံအားပေး

နေပြည်တော် ဇွန် ၁၂

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုနိုင်တို့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့နံနက် ၉ နာရီခွဲတွင် ဆူပူအကြမ်းဖက်မှုများကြောင့် စစ်တွေမြို့ဒေသခံတပ်ရင်း စည်းရုံးရေးသင်တန်းကျောင်းနှင့် ဆုတောင်းပြည့် ပရိယတ္တိစာသင်တိုက်တို့၌ ရောက်ရှိနေကြသည့် စစ်တွေမြို့နယ် အနောက်စံပြကျေးရွာမှ ကျေးရွာသူ ကျေးရွာသားများအား တွေ့ဆုံအားပေးကြပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် ဒုတိယဝန်ကြီး ဦးဘုန်းဆွေတို့ စစ်တွေမြို့ဒေသခံတပ်ရင်း စည်းရုံးရေးသင်တန်းကျောင်း၌ ရောက်ရှိနေကြသည့် စစ်တွေမြို့နယ် အနောက်စံပြကျေးရွာမှ ကျေးရွာသူ ကျေးရွာသားများအား တွေ့ဆုံအားပေးစဉ်။ (သတင်းစဉ်)

ထို့နောက် ပြည်နယ်လွှတ်တော်ခန်းမ၌ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံရာ ဒုတိယဗိုလ်ချုပ်ကြီးလှမင်းက ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် အခြေအနေများကို ဆက်စပ်ရှင်းလင်းပြောကြားပြီး မိမိတို့အနေဖြင့် မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့သို့ လှည့်လည်သွားရောက်ခဲ့ပြီးဖြစ်ကြောင်း၊ ဒေသအခြေအနေများမှာ တည်ငြိမ်မှုရရှိနေပြီဖြစ်ကြောင်း၊ ဆူပူအကြမ်းဖက်မှုများကြောင့် ကယ်ဆယ်ရေးစခန်းများ၌ ရောက်ရှိနေသူများအား ကူညီစောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ တည်ငြိမ်အေးချမ်းမှုရပြီးနောက် မိမိနေရပ်များ၌ ပြန်လည်နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးအတွက် ဆောင်ရွက်သွားရမည့် လုပ်ငန်းများရှိရာ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများက လိုအပ်သည်များကို ကူညီဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း မှာကြားသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်းရှိ ထိန်းသိမ်းထားနိုင်သည့် ဒေသအခြေအနေများ ထိခိုက်ပျက်စီးမှုများအတွက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဘုန်းဆွေက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက စီမံဆောင်ရွက်ပေးသွားမည့် အစီအစဉ်များနှင့် ဒေသတာဝန်ခံများအပိုင်းက ကူညီဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများ၊ မြို့မိမြို့ဖများက ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဆွေးနွေးတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

နံနက်ပိုင်းတွင် စစ်တွေမြို့နယ် ဓညဝတီ၊ မင်းဂံ၊ သရက်ချောင်းနှင့် ဗျိုင်းဖြူရပ်ကွက်များမှ ဒုက္ခသည်များအတွက် ထောက်ပံ့ရေးပစ္စည်းများကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်နှင့် တာဝန်ရှိသူများက ယာယီနေရာချထားသည့် စစ်တွေမြို့ မဟာဇေယျသိဒ္ဓိအဓိဌာန်ကျောင်း၊ ကိုင်းချေကျောင်း၊ ရွာကြီးမြောက်ရပ်ကွက်မူလတန်းကျောင်း၊ ဗုဒ္ဓေါမော်ကျောင်း၊ ကဝိရတနာတပ်ကျောင်း၊ အောင်သိဒ္ဓိကျောင်းတို့သို့ သွားရောက်ပေးအပ်ခဲ့ကြသည်။ **(သတင်းစဉ်)**